# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်  ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ ကြာသပတေးနေ့၊  အတွဲ [၅၄]၊ အမှတ် [၃၁၉]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟန်ဂေရီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်  ဩဂုတ်  ၂၀

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ယာနော့စ် အာဒါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဒေသခံများဝိုင်းဝန်းကူညီဆောင်ရွက်

နေပြည်တော်  ဩဂုတ်  ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများကို အားပေးစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆



ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ကလေးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ယနေ့ ဖတ်စရာ


ရေကြီးနစ်မြုပ်ဒဏ်ခံရသည့်ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ

စာမျက်နှာ-၇

စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြန်မာနှင့် အစ္စရေး အတွက် အရေးကြီး

စာမျက်နှာ-၁၃


# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၃/၂၀၁၅) ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၃/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း(၃)ရက်**

**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၂)ကို ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် ရက်စွဲဖြင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်အား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသောရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ရန် ထုတ်ပြန်ပြီးဖြစ်သည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ ကွပ်ကဲမှုအရဆောင်ရွက်ရမည်။

၃။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်( လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သဘာဝဘေးနှင့် ပရဟိတလူငယ်

သဘာဝဘေးဆိုသည်မှာ ကာလဒေသကန့်သတ်ချက်မရှိဘဲ အချိန်မရွေးကျရောက်နိုင်သည့် ဘေးအန္တရာယ်တစ်မျိုးပင်ဖြစ်သည်။ မည်သည့် သဘာဝဘေးသည် မည်သည့်ဒေသ မည်သည့်အချိန်၌ ဖြစ်ပွားလိမ့်မည်ကို မည်သူမျှ တပ်အပ်ပြောနိုင်လိမ့်မည် မဟုတ်ပေ။ မီးဘေး၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး၊ မြေငလျင်ဘေးအစရှိသဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့သည် လူသားများ နေထိုင်ရာ ဤမြေကမ္ဘာကို ခြိမ်းခြောက်လျက်ရှိပေသည်။

ဤကဲ့သို့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့၏ အန္တရာယ်ကို လျင်မြန်စွာ ရင်ဆိုင်တုံ့ပြန်ကျော်လွှားနိုင်အောင် ဆောင်ရွက်ရာတွင် ပရဟိတလူငယ်များ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုသည် အလွန်ထိရောက်အကျိုးရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ လက်ရှိကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုတွင် အလှူပေါင်းစုံမှ ပရဟိတလူငယ်များသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ပရဟိတလူငယ်လေးများသည် ရေဘေးကယ်ဆယ်ရေးအတွက် မိမိတို့အသိစိတ်ဓာတ်ဖြင့် ပါဝင်ကူညီဆောင်ရွက်နေကြသည်။ အချို့က အလှူငွေများ တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လည်အလှူခံပြီး ရေဘေးဒုက္ခကြုံတွေ့နေရသူများအား လှူဒါန်းပေးနေကြသည်။ အချို့က လူကိုယ်တိုင်ရေဘေးသင့် ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အလွန်မွန်မြတ်သောအလုပ်ဖြစ်သလို ချီးကျူးစရာလည်းကောင်းသည်။

ပရဟိတအလုပ်ဟူသည် မိမိ၏ ကိုယ်ကျိုးအတွက်တစ်ခုမျှ မပါဘဲ စိတ်စေတနာသန့်သန့်ဖြင့်အများအကျိုးကို ဆောင်ရွက်ပေးရသော အလုပ်ဖြစ်သည်။ မြန်မာနိုင်ငံမှ လူငယ်အများစုသည် ပရဟိတ စိတ်ဓာတ်အပြည့်အဝရှိကြောင်း ယခုကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုက သက်သေပြနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာလူငယ်လေးများ၏ စိတ်ရင်းစေတနာမှန်ကန်မှု၊ အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံမှု၊ ရိုးသားကြိုးစားမှုစသည့် မြန်မာ့လူ့ဘောင်အသိုက်အဝန်းအတွက် ကောင်းမွန်သော ပုံရိပ်များကို တွေ့လိုက်ရသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စဖြစ်သည်။ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးကို ပြင်ဆင်ရာတွင် ပရဟိတလူငယ်များ၏ "အား" သည် အရေးကြီးပါသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစသော ကဏ္ဍများတွင် ပရဟိတလူငယ်များ ပိုမိုပါဝင်ခွင့်ရရှိအောင် Teamwork တည်ဆောက်သွားရန် အလွန်ပင်အရေးကြီးပါသည်။

သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ရာတွင် ပရဟိတလူငယ်များ၏ အရည်အသွေးကိုရော အရေအတွက်ပါ မြှင့်တင်ပေးရန် လိုအပ်ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများ ပိုမိုပို့ချသင်ကြားပေးသင့်ပါသည်။ သို့မှသာ နောင်ကြုံတွေ့လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ပရဟိတလူငယ်များ၏ အင်အားဖြင့်ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## (၈)ကြိမ်မြောက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီစည်းဝေး



**နေပြည်တော် ဩဂုတ် ၁၉**

(၈)ကြိမ်မြောက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေးကို ဩဂုတ် ၁၈ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ ဖြင့် ၂၀၁၃ခုနှစ် မတ် ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဇွန် ၄ ရက်တွင် ဥပဒေစတင်အာဏာတည်ခဲ့သည်။

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေနည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောကြားသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များက ငွေကျပ် ၃၆၀၀ အတည်ပြုသတ်မှတ်ရန် သဘောတူကြောင်း တင်ပြခဲ့ပြီး ကန့်ကွက်အဆိုပြုတင်ပြခဲ့သော အဖွဲ့အစည်းများကလည်း CMP တစ်ဆင့်ခံလုပ်ငန်းတချို့နှင့် ပြည်တွင်းစားသောက်ကုန် လုပ်ငန်းတချို့မှအပ လုပ်ငန်းအများစုက ငွေကျပ် ၃၆၀၀ ပေးနိုင်ရန် အတတ်နိုင်ဆုံး၊ အကောင်းဆုံး ကြိုးစားဆောင်ရွက်ပေးရန် သဘောတူညီကြောင်း တင်ပြခဲ့ပြီး ဖြေလျှော့ဆောင်ရွက်ပေးရန်အချက်များကိုလည်း တောင်းဆို တင်ပြလာခဲ့ကြောင်း သိရသည်။

အလုပ်သမား၊ စီးပွား/ ကူးသန်း၊ ဘဏ္ဍာရေး၊ လျှပ်စစ်၊ ဗဟိုဘဏ်၊ စည်ပင်သာယာ၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးစသော ဝန်ကြီးဌာနများနှင့် အထည်ချုပ်လုပ်ငန်းရှင်များအသင်းကဲ့သို့သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်အချက်များလည်း ပါဝင်ကြောင်း၊ တင်ပြလာသောအချက်များတွင် ဝန်ကြီးဌာနက ဖြေရှင်းပေးနိုင်သည့် အချက်များကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် အလုပ်သမားများ နေထိုင်နိုင်ရေးအတွက် အိမ်ရာများဆောက်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးကပြောကြားသည်။

**(သတင်းစဉ်)**



## ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

**သီပေါ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမိုးထွေးဦးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၆၆ |
| ဥရောပ | တစ်ယူရို | ၁၄၀၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၄၉ |
| တရုတ် | တစ်ယွမ် | ၁၉၇.၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇.၀၂ |

ခင်ရတနာ-စုစည်းသည်။

◆ *ရှေ့ဖုံးမှ*

ထို့နောက် ရေနစ်မြုပ်ခဲ့သည့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လတ်တလောလိုအပ်သည့် အခြေခံလိုအပ်ချက်များ၊ ဆေးရုံဆိုင်ရာလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားကာ ဆေးသိုလှောင်ရုံအတွင်း ဆေးဝါးများ အစားထိုးသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး နစ်မြုပ်ခဲ့သည့် ကျောင်းဆောင်များ၏ အခြေအနေနှင့် ရေကျခဲ့ပြီးနောက် ကျောင်းသူ ကျောင်းသားများ ပြန်လည်စာသင်ကြားနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆရာ ဆရာမများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် လတ်တလောလိုအပ်သည့် အဆောက်အအုံများ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၃)နှင့် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ပြန်လည်ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကလေးဒေသ ပြန်လည်ထူထောင်ရေး လူထုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကလေးဒေသ ရေဘေးကျရောက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပြောကြားရာတွင် ကလေးဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရေတိုဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် မူလလုပ်ငန်းများ ပြန်လည်ပုံမှန်လည်ပတ်နိုင်စေရေး ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် ဌာနဆိုင်ရာလုပ်ငန်းများ၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ ပုံမှန်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေ ပြည်တွင်းလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှုနှင့် နှိုင်းယှဉ်ချိန်ဆ၍ ဆောင်ရွက်ရသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဆောင်ရွက်ရမည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ပြီး ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးမြို့ မြို့တော်ခန်းမ၌ ကလေးဒေသ ပြန်လည်ထူထောင်ရေး လူထုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မိမိဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဒေသခံများအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်၍ တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော ဆန်အိတ်၊ အသင့်စားသောက်ကုန်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး IGE ကုမ္ပဏီနှင့် ယူနိုက်တက် အမရာဘဏ်တို့က အလှူငွေကျပ် သိန်း ၁၉၀၀၊ ရွှေတောင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀ နှင့် မြတ်နိုးသူကုမ္ပဏီက ငွေကျပ် သိန်း ၄၅၀ တို့ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ကလေးမြို့နယ် ကျောက္ကာရွာ သာသနာ့ဗိမာန်ကျောင်းတိုက်သို့သွားရောက်ပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ မြစ်သာမြစ်ကမ်းပါးရေတိုက်စားမှုအခြေအနေနှင့် ကျောက္ကာရွာသစ် ရွှေ့ပြောင်းမည့် မြေနေရာတို့ကို ကြည့်ရှုသည်။

ယင်းနောက် နတ်ကြီးကုန်းကျေးရွာ ဓမ္မပါလကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(ကလေး)သို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီးက တက္ကသိုလ်ဆိုင်ရာအချက်အလက်များနှင့် တက္ကသိုလ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် တက္ကသိုလ်ပညာမြင့်မားစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့်မြင့်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ကွန်ပျူတာတက္ကသိုလ်(ကလေး)၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတက္ကသိုလ်တိုးတက်ရေးအတွက် ဆရာ ဆရာမများသည် အရည်အချင်း ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ သို့မှသာ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ မိမိဒေသ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် ကိုရီးယားနိုင်ငံက စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများလှူဒါန်း

**ပုသိမ် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံမှ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ညနေ ၃ နာရီက အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကိုရီးယားသံအမတ်ကြီး H.E.Mr.Lee Bake-soon က လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။ ထို့နောက် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးသိန်းအောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းခဲ့သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမှာ ၁၀ မျိုးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်(၄၆/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး**
**အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)နှင့် ၁၇-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁၅/၂၀၁၃)တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးတို့ကို ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| **ကချင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၁၇၆၂၈<br>ဗိုလ်မှူးကြီး သန်းအောင် | (အစား) | ကြည်း ၂၀၀၈၁<br>ဗိုလ်မှူးကြီး သူရမျိုးတင် |
| **ချင်းပြည်နယ်လွှတ်တော်** | | | |
| (၂) | ကြည်း ၁၇၆၁၆<br>ဗိုလ်မှူးကြီး ဇော်မင်းဦး | (အစား) | ကြည်း ၂၁၁၂၃<br>ဗိုလ်မှူးကြီး ကျော်ကျော် |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၃) | ကြည်း ၁၆၇၇၈<br>ဗိုလ်မှူးကြီး ကြည်နိုင် | (အစား) | ကြည်း ၁၆၆၆၇<br>ဗိုလ်မှူးကြီး ကျော်သန့်နိုင် |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၄) | ကြည်း ၁၅၉၄၆<br>ဗိုလ်မှူးကြီး သက်ထွန်း | (အစား) | ကြည်း ၁၆၄၃၈<br>ဗိုလ်မှူးကြီး ခင်မောင်ဌေး |
| **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၅) | ကြည်း ၂၁၉၀၄<br>ဗိုလ်မှူးကြီး ဇော်လင်းအောင် | (အစား) | ကြည်း ၂၀၅၉၅<br>ဗိုလ်မှူးကြီး နိုင်ဦး |
| **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၆) | ကြည်း ၁၈၇၉၉<br>ဗိုလ်မှူးကြီး အောင်ကျော်မိုး | (အစား) | ကြည်း ၂၁၆၅၈<br>ဗိုလ်မှူးကြီး မျိုးမင်းအောင် |
| **မွန်ပြည်နယ်လွှတ်တော်** | | | |
| (၇) | ကြည်း ၁၉၃၂၇<br>ဗိုလ်မှူးကြီး ဌေးမြင့်အောင် | (အစား) | ကြည်း ၁၉၃၁၉<br>ဗိုလ်မှူးကြီး ဝင်းနိုင်ဦး |
| **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | | |
| (၈) | ကြည်း ၁၉၄၈၄<br>ဗိုလ်မှူးကြီး တင်ဝင်း | (အစား) | ကြည်း ၂၀၆၈၂<br>ဗိုလ်မှူးကြီး တင်အောင်ထွန်း |
| **ရှမ်းပြည်နယ်လွှတ်တော်** | | | |
| (၉) | ကြည်း ၁၇၄၆၁<br>ဗိုလ်မှူးကြီး အောင်သူ | (အစား) | ကြည်း ၁၉၇၂၉<br>ဗိုလ်မှူးကြီး စိုးမိုးအောင် |
| **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁၀) | ကြည်း ၁၈၈၇၂<br>ဗိုလ်မှူးကြီး မောင်မောင်ဝင်း | (အစား) | ကြည်း ၂၅၁၃၀<br>ဗိုလ်မှူးကြီး ကျော်စွာလှိုင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မိုးသည်းထန်မှုကြောင့် ပျက်စီးခဲ့သော တံတား ပြန်လည်တည်ဆောက်မည်

**ငဖဲ ဩဂုတ် ၁၉** မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ဇွန်လနှင့် ဇူလိုင်လများတွင် မိုးများသည်းထန်စွာရွာသွန်းခဲ့၍ ငဖဲ-မန်းချောင်းအတွင်း တောင်ကျချောင်းရေများ အရှိန်ပြင်းစွာစီးဆင်းခဲ့မှုကြောင့် မျောပါပျက်စီးသွားသော ငဖဲမြို့နယ် ဇီးတောကျေးရွာအုပ်စု ဇီးတော-ပေါင်းကလေးကျေးရွာချင်းဆက်သစ်သားတံတားကို ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ဩဂုတ် ၁၈ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်ရှိ တာဝန်ရှိသူများက အဆိုပါတံတားကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းကို ဩဂုတ် ၂၀ ရက်တွင် ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၇ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ တာဝန်ရှိသူများက လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဖတ်ကြားသည်။

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုအပေါ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ဩဂုတ် ၁၈ ရက်တွင် နိုင်ငံရေးပါတီ ၁၉ ပါတီမှ တာဝန်ရှိသူများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးပိုက်လင်းတို့ ညှိနှိုင်းဆွေးနွေးခဲ့ရာ တက်ရောက်ခဲ့သော နိုင်ငံရေးပါတီများအနက် ပါတီ ခြောက်ပါတီမှ တာဝန်ရှိသူများက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အလျင်အမြန်ဆောင်ရွက်သင့်ပါကြောင်း။

ကျန်နိုင်ငံရေးပါတီ ၁၃ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်၍ တိုင်တန်းချက်ကို တင်ပြခွင့်ရှိသည့် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ် ရာခိုင်နှုန်း သတ်မှတ်ချက်သည် လွန်စွာနည်းပါးသည့် ရာခိုင်နှုန်းဖြစ်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းတို့တွင် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်ပါဝင်ဆောင်ရွက်သင့်ခြင်း စသည့် အထူးအလေးထားသုံးသပ်ရမည့်အချက်များကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးမှသာ အချိန်ယူဆောင်ရွက်သင့်ပါကြောင်း။

ယင်းဥပဒေကြမ်းကို အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီအများစုက ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် ချပြဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန်၊ ဆက်လက်ဆောင်ရွက်ရန်



မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်ပါက ဥပဒေကြမ်းအတည်ပြုနိုင်ရေးကို ဆိုင်းငံ့ထားရန်နှင့် ဆက်လက်ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ပါက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်ပြခဲ့ပြီးဖြစ်သော လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များ အခြေခံ၍ ထပ်မံပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးမှ အတည်ပြုဆောင်ရွက်ရန်တို့ ဖော်ပြပါရှိသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ အဆိုပြုချက်နှင့်အညီ ပထမအဆင့်အနေဖြင့် ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဆွေးနွေးရရှိလာသည့် လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော စီမံကိန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရန်ပုံငွေနှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၆၀ နှင့် ယူရို သန်း ၄၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ယင်းအခြေပြစာချုပ်သည် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အရေးကြီးသည့် နိုင်ငံတကာ စာချုပ်စာတမ်းတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ယင်းစာချုပ်နှင့် လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ လိုအပ်ပါက အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ စာချုပ်အရ တာဝန်ရှိသည့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နှစ်စဉ်တင်သွင်းလျက်ရှိသည့် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် မြန်မာနိုင်ငံပါဝင်နေခြင်းကို ပယ်ဖျက်ပေးရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယင်းသို့ လက်မှတ်ရေးထိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ သဘောတူညီမှုရရှိရန် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေပိုင်းဆိုင်ရာ အဖွဲ့အစည်းများအားလုံးကလည်း သဘောတူညီပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်များတွင် အရေးကြီးစာချုပ်တစ်ခုဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ အိန္ဒိယ-ကော့ကရိတ် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဆိုပါ စီမံကိန်းဆောင်ရွက်မည့်နေရာသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းတွင် ဗီယက်နမ်၊ လာအိုနှင့်ထိုင်းနိုင်ငံအပိုင်း၌ အာရှလမ်းအဆင့်(လေးလမ်းသွား)နှင့်(နှစ်လမ်းသွား) အဆင့်များအထိ ဆောင်ရွက်ပြီးဖြစ်ရာ မြန်မာနိုင်ငံကသာ ဆောင်ရွက်ရန်ကျန်ရှိနေကြောင်း။

ယင်းလမ်းပိုင်းသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ အများဆုံးစီးဆင်းရာ လမ်းဖြစ်၍ ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးကြောင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာပြီး ဒေသတွင်းနှင့် နိုင်ငံတကာယာဉ်များအတွက် သယ်ယူပို့ဆောင်မှုစရိတ် လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ဒေသခံပြည်သူများ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေ၍ ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း။

ယခုစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကျုံဒိုး-ဆိပ်ကမ်းပတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှုကြောင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့မှ ကုန်စည်များကို မော်လမြိုင်မြို့သို့ အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတာ-သာကေတ ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ သာကေတ-ကျိုက္ကဆံ ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ ကျိုက္ကဆံ ၂၃၀/၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ တောင်ဥက္ကလာပ ၂၃၀/၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ အနောက်ပိုင်းတက္ကသိုလ်(လှိုင်သာယာ) ၂၃၀/၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံနှင့် သာကေတဓာတ်အားခွဲရုံတို့ကို အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းအားဖြင့် ဓာတ်အားပို့လွှတ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုတို့တွင် ဗို့အားကျဆင်းခြင်းနှင့် ဓာတ်အားမကြာခဏပြတ်တောက်မှုများ လျော့နည်း၍ လျှပ်စစ်ဓာတ်အား အပြည့်အဝနှင့် စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခြင်း၊

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

---

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံနှင့်ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများ၌ ငွေလဲကောင်တာများဖွင့်လှစ်၍ နိုင်ငံခြားငွေရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၃ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မယ်စဲ့ မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ "မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများ၌ သက်ဆိုင်ရာနိုင်ငံရှိ ဗဟိုဘဏ်တို့နှင့် MoU ရေးထိုးဆောင်ရွက်ခြင်းမှ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဘဏ်များ ဖွင့်လှစ်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် နယ်စပ်ဒေသများ၌ Hundi လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန်နှင့် Physical Cash (USD) သယ်ဆောင်ရောင်းဝယ်ခြင်း လျော့ပါးစေရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ သိလိုခြင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြည်တွင်းသုံး ကျပ်ငွေ၏ အခန်းကဏ္ဍ တွင်ကျယ်လာစေရန်နှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာကျပ်ငွေကို လွယ်လင့်တကူ ရောင်းဝယ်လဲလှယ်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေများ ဝယ်ယူလဲလှယ်ပေးခွင့်လိုင်စင်များကို ဘဏ်များသာမက ဘဏ်မဟုတ်သော ကုမ္ပဏီများကို ထုတ်ပေးထားပါကြောင်း၊ ယနေ့အထိ ငွေလဲကောင်တာပေါင်း ၇၂၇ ခုက လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများ၌ ငွေလဲကောင်တာများ ဖွင့်လှစ်၍ နိုင်ငံခြားငွေရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါကြောင်း။

ယင်းနိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများမှ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ မလေးရှားရင်းဂစ်နှင့် ထိုင်းဘတ်ငွေများကို တရားဝင်ရောင်းဝယ်လဲလှယ်လျက်ရှိပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသများရှိ နိုင်ငံခြားငွေလဲလှယ်ရေး ကောင်တာများ၌ တစ်ဖက်နိုင်ငံရှိ ငွေအမျိုးအစားကိုပါ တရားဝင်ရောင်းဝယ်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသများ၌ သက်ဆိုင်ရာငွေကြေးရောင်းဝယ်ရေး

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်အစည်းအဝေးရပ်နားပေးရန် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် ဩဂုတ် ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **အမျိုးသားလွှတ်တော် အစည်းအဝေးရပ်နားပေးရန် အရေးကြီးအဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပြီးနောက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၂၈ မဲနှင့် ကန့်ကွက်မဲ ၃၄ မဲဖြင့် အဆိုကို အတည်ပြုသည်။

ဆက်လက်၍ **သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေကြမ်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မော်တော်ယာဉ်ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုသည်။

ထို့အတူ **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **အရက်/ဘီယာ/စီးကရက်ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချသွားရန်** ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အရက်၊ ယမကာသုံးစွဲမှု ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းကဲ့သို့ လူမှုရေးအသင်းအဖွဲ့အစည်းများက အရက်၊ ယမကာနှင့် စီးကရက်သောက်သုံးမှုကို လျော့ကျအောင် အလွန်အကျွံသောက်သုံးခြင်းကြောင့် ဖြစ်စေတတ်သည့်

*စာမျက်နှာ ၆ ကော်လံ ၅ သို့*

# မြန်မာ-ဗြိတိန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ ခိုင်မာစွာရပ်တည်ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Silas Patrick အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

**နေပြည်တော် ဩဂုတ် ၁၉**

တပ်မတော်အနေဖြင့် ယခင်က Leading Role တွင် နေရာယူခဲ့ကြောင်း၊ ယခုအခါ တပ်မတော်သည် အမျိုးသားနိုင်ငံရေးတွင် ပါဝင်ထမ်းဆောင်နေခြင်းသာဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှပေါက်ဖွားလာခြင်းဖြစ်၍ ပြည်သူနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း၊ စစ်ဘက် အရပ်ဘက် ဆက်ဆံရေးတွင်လည်း ယခင်က အမိန့်ပေးသည့်စနစ်ဖြစ်ခဲ့သော်လည်း ယခု အရပ်ဘက်မှ လုပ်ဆောင်နေသည်များကို တပ်မတော်မှကူညီနေခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ အရပ်ဘက်ဌာနဆိုင်ရာများနှင့် တပ်မတော်အကြား ရင်းနှီးသည့်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုရှိရမည်ဖြစ်ကြောင်း၊ မြို့မိမြို့ဖများနှင့်လည်း ထိတွေ့ဆက်သွယ်၍ မြို့၏ကောင်းရာကောင်းကြောင်း အကြံဉာဏ်ပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရလဒ်ကောင်းများစွာရရှိခဲ့ကြောင်း၊ စစ်ဘက် အရပ်ဘက် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်လျက်ရှိကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ဗြိတိန်နိုင်ငံ

စာမျက်နှာ ၆ ကော်လံ ၄

## ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ဇော်ဇော်နိုင်အား စစ်အုပ်ချုပ်ရေးအာဏာလွှဲအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**
**စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၂)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း(၃)ရက်**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်**

**ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်အား စစ်အုပ်ချုပ်ရေးအာဏာ လွှဲအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း(၃) ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်၊ အင်္ဂါနေ့ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သော ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၆/၂၀၁၅)၏ အပိုဒ်(၁)နှင့်(၂) တို့အရ ကျွန်ုပ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း၊ စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျင့်သုံးဆောင်ရွက်ရန် ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)အား ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း (၃) ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်၊ အင်္ဂါနေ့မှအစပြု၍ လွှဲအပ်လိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

✱ ရှေ့ဖုံးမှ

၄။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း**။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာ မှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း**။ စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း**။ နောက်ဆက်တွဲဇယား(က)ပါပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
- (ကက) သေဒဏ်၊
- (ခခ) နှစ်အကန့်အသတ်မရှိထောင်ဒဏ်၊
- (ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း**။ စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
- (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
- (ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း**။ စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း**။ စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
- (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
- (ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)က မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကိုတိုးမြှင့်နိုင်သည်။

၅။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် မိမိ၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ အစီရင်ခံရမည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က)၊
၃။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊
၄။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၅။ လူသတ်မှု၊
၆။ လူသေမှု၊
၇။ မုဒိမ်းမှု၊
၈။ လုယက်မှု၊
၉။ ဓားပြမှု၊
၁၀။ အဂတိလိုက်စားမှု၊
၁၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၂။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ ပြစ်မှုများ၊
၁၃။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၄။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရ ပြစ်မှုများ၊
၁၅။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ ပြစ်မှုများ။

❖ *ရှေ့ဖုံးမှ*

ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ အော်ဘန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာ ပီတာ ဇစ်ဂျာတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

သံအမတ်ကြီး H.E. Mr. Andrew Silas Patrick အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Antony David Stem တို့ တက်ရောက်သည်။

တွေ့ဆုံစဉ် သံအမတ်ကြီးက ပြည်ပ အဖွဲ့အစည်းများနှင့် တပ်မတော်များက မြန်မာနိုင်ငံ၏ ရေဘေးနှင့် သဘာဝဘေးဒဏ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် မြန်မာ့တပ်မတော်၏ ကူညီခဲ့မှုများအပေါ် ချီးကျူးဂုဏ်ပြုကြသည်ကို သိရှိရပါကြောင်း။

မြန်မာ့ဒီမိုကရေစီအရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ လွန်စွာအရေးကြီးသည်ကို မိမိတို့အနေဖြင့် သဘောတူညီပါကြောင်း၊ သို့သော်လည်း ပြည်ပတွင်ရှိနေသူအချို့က ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဆိုသည်မှာ တပ်မတော်က လက်ရှိ ဒီမိုကရေစီဖြစ်စဉ်ဖြစ်ရပ်များမှ လုံးလုံးလျားလျား ထွက်ခွာသွားရန်ဟု ယူဆနေပါကြောင်း၊ ယင်းကို မိမိတို့အနေဖြင့် သဘောတူညီမှုမရှိပါကြောင်း၊ လက်ရှိတပ်မတော်၏ ခိုင်မာစွာတည်ရှိနေမှုသည် ဆက်လက်ရှိနေရန် လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲတွင် စစ်သည်များ မဲဆန္ဒပေးမှုနှင့် ပတ်သက်၍ တပ်မတော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့၏ ပွင့်လင်းမြင်သာသည့် ဆောင်ရွက်ချက်များ၊ ရွေးကောက်ပွဲတွင် မည်သည့်ရလဒ်ဖြစ်စေ တပ်မတော်အနေဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် အချက်များအပေါ် ဝမ်းမြောက်ရပါကြောင်း။

အပစ်အခတ်ရပ်စဲရေး စာချုပ်အပေါ် မိမိတို့ယုံကြည်မှုရှိပါကြောင်း၊ အပစ် အခတ်ရပ်စဲရေးကိစ္စ အောင်မြင်မည်ဟု ယူဆပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးအန္တရာယ်ကာကွယ်ရန်မှာ နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြောင်း၊ ဒုက္ခရောက်နေသူများကို ကူညီရန်အတွက် NGO အဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့များနှင့် သဘာဝဘေးအန္တရာယ်ကူညီဆောင်ရွက်ရန် သီးသန့်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိသော်လည်း ၎င်းတို့မှာ ပမာဏကြီးကြီးမားမားမရှိကြောင်း၊ ၎င်းတို့ထက်ပို၍ ခိုင်မာသည့်အဖွဲ့အစည်းမှာ တပ်မတော်သာဖြစ်၍ တပ်မတော်အနေဖြင့် တိုင်းပြည်ကိုကာကွယ်ရန်၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန် တာဝန်ရှိသဖြင့် သဘာဝဘေးဒဏ်ဖြစ်ပေါ်လျက်ရှိသည့် ဒေသများရှိ နယ်မြေခံတပ်များက သွားရောက်ကူညီ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး၊ အပြန် အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ ခိုင်မာစွာရပ်တည်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

## ပြည်ထောင်စုလွှတ်တော်မှ

တိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲသူအရေအတွက်နှင့် ဓာတ်အားရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေမည်ဖြစ်သည့်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ချေးယူ၍ အဆိုပါစီမံကိန်းများအား ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းသုံးခုနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ဖတ်ကြားတင်ပြခြင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော စီမံကိန်းသုံးခုဆောင်ရွက်ရန် ချေးငွေချေးယူခွင့်နှင့် အခြေပြု စာချုပ်တစ်ခု ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်မှ

လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံရှိ ဗဟိုဘဏ်များနှင့် သီးခြား MoU ရေးထိုးစရာမလိုသကဲ့သို့ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဘဏ်များ ဖွင့်လှစ်ရန်



ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် ဖြေကြားစဉ်။



မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းစဉ်။

လည်း မလိုအပ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများဖြင့် ပြုလုပ်နိုင်ပါကြောင်း။

Hundiလုပ်ငန်းများသည် တရားမဝင် ငွေလွှဲလုပ်ငန်းများဖြစ်သည့် အတွက် ယင်းလုပ်ငန်းများကို အားပေးခြင်းမပြုဘဲ ဘဏ်များမှတစ်ဆင့် တရားဝင်လွယ်ကူစွာ ငွေလွှဲနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဘဏ်များမှတစ်ဆင့် တရားဝင် လွယ်ကူစွာငွေလွှဲနိုင်ရန်အတွက် နယ်စပ်ဒေသများတွင် ပြည်တွင်းဘဏ်ခွဲများဖွင့်လှစ်နိုင်ရန်၊ ၎င်းဘဏ်ခွဲများနှင့် တစ်ဖက်နိုင်ငံရှိ ဘဏ်များအကြား အပြန်အလှန် Nostroနှင့် Vostro စာရင်းများ ဖွင့်လှစ်၍ အဆက်အသွယ်ထားရှိနိုင်ရန်နှင့် နယ်စပ်ဒေသများသို့ ငွေလွှဲပို့ရာတွင် တရားဝင်ဘဏ်များဖြင့်သာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်အထိ ပြည်တွင်း ဘဏ်ခွဲပေါင်း ၁၀၀ ကျော်အား နိုင်ငံတကာဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန် ခွင့်ပြုထားပြီး ဘဏ်ခွဲခုနစ်ခုမှ နယ်စပ်ဒေသများတွင် နိုင်ငံတကာဘဏ်လုပ်ငန်း ဆောင်ရွက်လျက် ရှိပါကြောင်း။

နယ်စပ်ဒေသများတွင် တရားဝင်ကုန်သွယ်ရေးဆောင်ရွက်ပါက အမေရိကန်ဒေါ်လာကို သယ်ယူရန်မလိုဘဲ ပြည်တွင်းဘဏ်နှင့် သက်ဆိုင်ရာနိုင်ငံရှိ ဘဏ်နှစ်ခုအကြား LC ဖွင့်၍သော်လည်းကောင်း၊ T T ဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း၊ နယ်စပ်ဒေသအချို့၌ ပြည်တွင်း ဘဏ်ခွဲအချို့က သက်ဆိုင်ရာနိုင်ငံမှ ဘဏ်ခွဲအချို့တွင် ယင်းနိုင်ငံ၏ငွေကြေးဖြင့် ငွေစာရင်းဖွင့်လှစ်၍ ၎င်းဘဏ်နှစ်ခုအကြား Online Banking စနစ်ဖြင့် ကုန်သွယ်မှုများအတွက် ငွေပေးချေခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် တရားမဝင်ကုန်သွယ်ရေးများ ဆောင်ရွက်ရာတွင် ငွေပေးချေမှုများကို ဘဏ်များမှတစ်ဆင့် ဆောင်ရွက်ခြင်းမပြုဘဲ အမေရိကန်ဒေါ်လာဖြင့်သာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတကာငွေလွှဲများကိုလည်း တရားဝင်ဘဏ်များမှ တစ်ဆင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာငွေလွှဲသည့်အဖွဲ့အစည်းများဖြစ်သည့် Western Union, Money Gram, Money Express စသည်တို့ဖြင့် ပြည်တွင်းဘဏ်များက ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့အထိ ပြည်တွင်းသို့ လွှဲပို့ငွေစုစုပေါင်း အမေရိကန် ဒေါ်လာ ၄၉၉ ဒသမ ၃၉၀ သန်းရှိနေပြီဖြစ်ပါကြောင်း။

ထို့ပြင် အိမ်နီးချင်းနိုင်ငံအချို့ရှိ ATM များမှတစ်ဆင့် မြန်မာနိုင်ငံသို့ငွေလွှဲ၍ ရနေပြီဖြစ်ပြီး Cross – Border Mobile Money ဖြင့် ငွေလွှဲနိုင်ရန်လည်း စီစဉ်လျက်ရှိ ပါကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများကို တရားဝင်ဘဏ်များမှ တစ်ဆင့် ပိုမိုဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်း လင်းဖြေကြားသည်။

မိုင်းဖြတ် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်က်၏ "ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့များ၏ ပိုလျှံနေသော လယ်ယာထွက်သီးနှံများဖြစ်သည့် စပါး၊ ဆန်၊ ပြောင်း၊ ရော်ဘာနှင့် အခြားသီးနှံများအား တရုတ်နယ်စပ်သို့ သွားရောက် ရောင်းချခွင့် ရ/မရ သိရှိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်များမှ စိုက်ပျိုးထွက်ရှိသော ဆန်စပါးနှင့် ဒေသထွက်ကုန်များကို ဒေသစားသုံးမှု ပိုလျှံ၍ ရှမ်းပြည်နယ် တာချီလိတ်၊ ကျိုင်းတုံစခန်းများမှတစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ကို ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ တာချီလိတ်ဒေသသည် ဆန်ပိုလျှံသော ဒေသမဟုတ်သည့်အပြင် ပြည်တွင်းမှဆန်များ ဝယ်ယူစားသုံးနေသော ဒေသဖြစ်ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီက တာချီလိတ်စခန်းမှ ဝမ်ကောင်းမူကျေးရွာသို့ သယ်ဆောင်ရန် အကြောင်းပြ၍ ဆန်တင်ယာဉ်များ ဝင်ရောက်မှုရှိနေခြင်း၊ တာချီလိတ်မှ ဆန်ကို အဆိုပါရွာများသို့ သယ်ဆောင်လေ့မရှိခြင်း၊ ယင်းဆန်များသည် ဝမ်ကောင်းမူမှ ကျိုင်းတုံ၊ မိုင်းလားဒေသများသို့ သယ်ဆောင်မည်ဟု သတင်းရရှိပြီး လောက်ကိုင်ဒေသအတွက် ရိက္ခာစုဆောင်းသည်ဟု သံသယရှိခြင်း၊ ယာဉ်တန်းများဖြင့် စုဆောင်းသယ်ဆောင်လာသော ဆန်များကို မဲခေါင်မြစ်ကြောင်းအတိုင်း ဆွပ်ပလေ့(မိုင်းလား)၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမှတစ်ဆင့် "ဝ"နယ်မြေနှင့် မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်သို့ သယ်ဆောင်နိုင်သည့်အနေအထားများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြခဲ့ပြီး မိုင်းလားမှတစ်ဆင့် ဆန်တင်ပို့မှုကို ရပ်ဆိုင်းထားခဲ့ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်အမယ်အဖြစ် ဆန်အားမူအားဖြင့် တင်ပို့ခွင့်ပြုထားပြီးဖြစ်သော်လည်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသထွက်ဆန်များ ပြန်လည်တင်ပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတို့က မြေပြင်လုံခြုံရေးအခြေအနေစိစစ်၍ သဘောတူပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတို့သို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက **"တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** တို့အား လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။



မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ မေးမြန်းစဉ်။

## အမျိုးသားလွှတ်တော်မှ

လေဖြတ်ရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါများ စသည့် ဆိုးကျိုးများကို လည်းကောင်း၊ စီးကရက်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီးများသောက်သုံးပါက အဆိပ်ဓာတ်ပေါင်း ၄၀၀၀ ကျော်မှ ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါများဖြစ်ပွားနိုင်သည့် ဆိုးကျိုးများကို လည်းကောင်း ခံစားရမည်ဖြစ်ကြောင်းကို နေ့စဉ်ထုတ်သတင်းစာများ၊ တီဗွီနှင့် ရေဒီယိုတို့တွင် ကျန်းမာရေးပညာပေးဇာတ်လမ်းတိုများ၊ ဆွေးနွေးခန်းများနှင့် နှိုးဆော်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် နှစ်စဉ် မေလ ၃၁ ရက်၌ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** အခမ်းအနားများ ကျင်းပခြင်း၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ဝေ၍ အခြေခံကျန်းမာရေးဝန်ထမ်းများမှ တစ်ဆင့် ပြည်သူများကို ကျန်းမာရေးပညာပေးခြင်း၊ မြို့နယ်များရှိ ကျောင်းကျန်းမာရေးအဖွဲ့များမှ တစ်ဆင့် အခြေခံပညာကျောင်းများတွင် ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် **ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်း**ချက်များကို ပိုမိုသိရှိလိုက်နာကျင့်သုံးလာစေရန် ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်များက ဥပဒေအတိုင်း ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောနည်းဥပဒေများကို ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်း။

အဆိုတွင် တိုက်တွန်းထားသည့် အတိုင်း အရက်၊ ဘီယာ၊ စီးကရက်ကြော်ငြာများကို ထိန်းချုပ်ကန့်သတ်ခြင်း၊ လိုက်နာရန်ပျက်ကွက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းကုန်ပစ္စည်းများကြော်ငြာခြင်းကို ထိန်းချုပ်ကန့်သတ်ခြင်းကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်အစည်းအဝေး ရပ်နားပေးရန် အရေးကြီးအဆိုကို ဆွေးနွေးအတည်ပြုခြင်း၊ ဥပဒေကြမ်း ၅ ခု အတည်ပြုခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အသိပေးတင်ပြခြင်း၊ ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချသွားရန် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉** - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၀ ရက်တွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ



ကောလင်းမြို့နယ် ရေနစ်မြုပ်လယ်မြေများအား ထွန်ယက်ပေးနေပုံ။

## လယ်ယာကဏ္ဍဆောင်ရွက်ချက်များ

- ရေကျသည့် လယ်မြေများအား တစ်ကွက်ပေါ် တစ်ကွက်ထွန်စနစ်ဖြင့် ထွန်ယက်ပေးခြင်း၊
- ထွန်စက်ရှေ့ ဂေါ်များဖြင့် သဲနုန်းများဖယ်ရှား ပေးခြင်း၊
- ရေနစ်မြုပ်သွားသော တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ ပြုပြင်ပေးခြင်း။

တောင်ကုတ်မြို့နယ် ကူးတို့ဆိပ်ကျေးရွာတွင် ဌာနပိုင်ထွန်စက်များဖြင့် ထွန်ယက်ပေးနေပုံ။





ကလေးမြို့နယ် လက်ပံချောင်းလမ်းပေါ်မှ နုန်းများဖယ်ရှားရှင်းလင်းပေးနေပုံ။



အမရာ(၇)သင်္ဘောပေါ်ရှိ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် လက်တွန်းထွန်စက်နှင့် ထွန်၊ ထယ်များ။

## လူမှုရေးဆိုင်ရာဆောင်ရွက်ချက်များ

- ဆေးရုံ၊ ကျောင်းများတွင် ရွှံ့နွံများဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊
- လမ်းပေါ်တွင်တင်ကျန်နေသည့် ရွှံ့နွံများကို ရှင်းလင်းဖယ်ရှားပေးခြင်း၊
- ရေ၊ မီးလိုင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊
- အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊
- ရေနုတ်မြောင်းများ ပြုပြင်မွမ်းမံခြင်း။



ကလေးမြို့ ပြည်သူ့ဆေးရုံတွင် အင်အား ၄၆ ဦးနှင့် ဆည်မြောင်းဦးစီးဌာနက သန့်ရှင်းရေးဆောင်ရွက်နေပုံ။



ကလေးမြို့ အထက(၁) ကျောင်းဝင်းအတွင်းရှိ ရေနုတ်မြောင်း တူးဖော်နေပုံ။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးသို့ နိုင်ငံ/အဖွဲ့အစည်းများကလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်းလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက်ရှိသည့် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (ဟော်လန်)မှ ယူရို ၅၁၀၀၃ ဒသမ ၂၃ သန်း တန်ဖိုးရှိ ဆေးဝါးများကိုလည်းကောင်း၊ Rotary International District 3490 (Taiwan)မှ ရေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်များ တင်သွင်းရန် အတွက်လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် မွန်ဂိုလီးယား Leah Engery Development (Hong Kong) Limited ၏ CEO Mr. Suyaletu က လှူဒါန်းသည့် ယွမ် ၅၀၀၀ ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဩဂုတ် ၁၈ ရက် တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းပြီးကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေများပြန်လည်ကျဆင်း၍ ပြည်သူများ နေအိမ်များသို့ရွှေ့ပြောင်း

**ပုသိမ် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လ ဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ငဝန်မြစ်ရေ မြင့်တက်မှု ကြောင့် ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်တချို့ ရေနစ်မြုပ်သည့်အတွက် ရေဘေးသင့်စခန်းများ ဖွင့်လှစ်၍ ကူညီဆောင်ရွက်ခဲ့ကြသည်။

ဩဂုတ် ၁၈ ရက်အထိ ရပ်ကွက်(၁၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀)၊ ရှမ်းကွင်း၊ ကမ်းနီ၊ ကျောက်ချောင်းကြီး၊ မင်းကုန်းနှင့် ရွှေမြင်တင်ကျေးရွာတို့တွင် ရေများပြန်လည် ကျဆင်းမှုကြောင့် ယာယီရေဘေးစခန်း၌ လာရောက်နေထိုင်ကြသော ပြည်သူများသည် မိမိတို့၏ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေကြကြောင်း သိရသည်။ **မောင်မောင်မြင့်(ခရိုင် ပြန်/ဆက်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၉ -၈ -၂၀၁၅)

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၉ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခု တို့တွင်လည်းကောင်း သဘာဝဘေး အန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၄၄၃၅ စုမှ လူဦးရေ ၁၆၂၅၃၇၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၀၄၀၃၇၅၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၂၀၃၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၁၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၆၀၄၃၇၂၈၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၉ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၃ | ၃၉၉၅၆၇ | ၁၉ | ၅၀၀၅၃၀၀၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၁၀၈၃၇၇၀၆၀ | |
| ၂ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၁၆၅၀၀ | - | ၄၉၀၀၀၀၀ | ၁၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၇၈၉ | ၄၀၄၂ | ၂၀၄၄၉ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၂၃၀၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၃၇၀ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၀၉၃၀ | ၅၀၀၂၅၈ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၂၁၁ | ၆၃၄၀၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၇၈၁၂ | ၃၈၄၀၇၂ | ၁၆၁၀၄၆၁ | ၁၁၀ | ၁၀၀၄၉၀၁၅၀ | ၁၁၄၅၁၄၅၀ | ၁၆၂၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၄၀၀၀၀၀ | ၅၉၆၃၉၁၅၇၀ | |
| | **ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း** | **၁၈၂၁၇** | **၃၈၆၂၁၈** | **၁၆၂၅၃၇၂** | **၁၁၇** | **၁၀၄၀၃၇၅၀၀** | **၁၅၂၄၄၂၃၀** | **၂၀၃၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၁၀၀၀၀၀** | **၆၆၀၄၃၇၂၈၀** | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၁. ၉၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၂၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၇၀' |
| ၈။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၅၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၆၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၄၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၀၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၅၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၃၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၉၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၅' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၉၈' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၆၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၈၀' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ (၁) | ၉၇၆၄၆ | ၀. ၂၅' |
| ၂၈။ | ဘော်ဘင်ရေလှောင်တမံ (၂) | ၂၆၅၈၈ | ၀. ၃၅' |
| ၂၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၇၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၁။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၆၀' |
| ၃၂။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၈၀' |
| ၃၃။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၄။ | ဘန့်ဘွေးကုန်း ရေလှောင်တမံ | ၁၇၃၅ | ၀. ၆၀' |
| ၃၅။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၅' |
| ၃၆။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ် ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉-** မြန်မာ့မီးရထား တိုင်းအမှတ် (၉) သရက်-ဘုရားပေါ်လမ်းပိုင်း ကံမ-ညောင်ကိုင်းကြားတွင် အင်ဂျင်နီယာ(သံလမ်း/ကံမ)နှင့် လုပ်သား ၁၈ ဦးပါ အဖွဲ့သည် မိုင်(၂၄၃/၅-၆) နေရာရှိ( ၁၀၀'×၅'×၆' ) တောင်ပြိုမြေများကို ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီခွဲက ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီး ဖြစ်သည်။

တိုင်းအမှတ်(၉) ပုသိမ်-ဟင်္သာတလမ်းပိုင်း ရေကြည်-အသုတ်ကြား မိုင်(၁၄၉/၁၃-၁၅) တွင် ရေကျော်နေရာကို ပြုပြင်ပြီးဖြစ်၍ လမ်းပိုင်းကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကန်ကြီးကုန်းနှင့် ကျောက်ကာကျေးရွာများ၌ လည်းကောင်း၊ MERCY (Malaysia)အဖွဲ့နှင့် ပူးပေါင်း၍ ဆည်တော်ဦး၊ သဖန်းအိုင်ကျေးရွာများ၌ လည်းကောင်း၊ MSI အဖွဲ့နှင့် ပူးပေါင်း၍ ကင်ပွန်းခြံကျေးရွာများ၌ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌လည်း အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများနှင့် ရပ်ကွက်/ကျေးရွာများ၌ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ခြင်းလုပ်ငန်းများ၊ ကလိုရင်းဆေးခတ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန်၊ အစားအစာသန့်ရှင်းမှုရှိရန်နှင့် ရေကျိုချက်သောက်ရန် ကျန်းမာရေးပညာပေးခြင်း၊ ရေတွင်း ရေကန်နှင့် လက်နှိပ်တုံကင်များကို ကလိုရင်းဆေးခတ်ခြင်း စသည့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့်လည်း ချင်းပြည်နယ်၌ ဟားခါးမြို့ ကာစင်ခရစ်ယာန်ကျောင်း ကယ်ဆယ်ရေးစခန်းနှင့် တီးတိန်မြို့ အမှတ်(၁)ကယ်ဆယ်ရေးစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အူဒူကျေးရွာ၊ ဥယျာဉ်ရွာ၊ လက်ပံချောင်းရွာ၊ ရာဇဂြိုဟ်ရွာ ကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၌ ပွင့်ဖြူမြို့ ညောင်ပင်ရွာ၊ မင်းဘူးမြို့ ဖလံရိုးရွာ၊ သရက်မြို့ သီးကုန်းရွာ၊ ပခုက္ကူမြို့ ပန်းတိုင်းခြံရွာ၊ ချောက်မြို့ လက်ပံကျွန်းရွာသစ် ကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ပန်းတောင်းမြို့ ထုံးဘိုရွာ၊ ကျိုးသဲတိုက်နယ် ကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ ရခိုင်ပြည်နယ်၌ ပုဏ္ဏားကျွန်းမြို့ကြံခင်းရွာ၊ ကျောက်တော်မြို့ ကွမ်းအုံချောင်းရွာ၊ မြောက်ဦးမြို့ မြောက်ဦးကယ်ဆယ်ရေးစခန်း၊ မင်းပြားမြို့ သပြေညိုရပ်ကွက်၊ မောင်တောမြို့ သုံးမိုင်ရွာ ကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ပုသိမ်မြို့ ရေကြည်ဦးဘုရား၊ ကန်ကြီးထောင့်မြို့ မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း၊ သာပေါင်းမြို့ ဝေနဒေါင့်ကြီးရွာနှင့် ဘုရားငူကျေးရွာ ကယ်ဆယ်ရေးစခန်း၊ ဟင်္သာတမြို့ ကြာသာကျေးရွာ၊ ကြံခင်းမြို့ ထန်းထပင်ကျေးရွာ၊ အင်္ဂပူမြို့ ရွှေစံတော်ဘုရား၊ မြန်အောင်မြို့ မြေနုကျွန်းနှင့် ရေလယ်ကျွန်း ကယ်ဆယ်ရေးစခန်းတို့တွင် ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေးအသိပညာပေး လုပ်ငန်းဆောင်ရွက်မှုများကို ဩဂုတ် ၁၈ ရက်အထိ ယာယီဆေးခန်း ၁၀၈၄ခန်း၊ ရွေ့လျားဆေးခန်း ၃၆၆ ခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်ပေါင်း ၇၅၁၀၀ ကို ကလိုရင်းဆေးခတ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ၂၆၃၈ ကြိမ် ဆောင်ရွက်ခြင်း၊ ခြင်၊ ယင် နှိမ်နင်းခြင်းအကြိမ် ၁၅၆၀ ဆောင်ရွက်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၂၅၈ ကြိမ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက် ပေးခြင်း ၃၀၇၂ ကြိမ် ဆောင်ရွက်ခြင်းနှင့် အခြားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရေဘေးသင့်ဒေသများသို့ ကလိုရင်းရေသန့်စင်ဆေးမှုန့် ၅၀ ကီလို ဂရမ်ပုံး ၂၆၇ ပုံး၊ ဆေးစိမ်ခြင်ထောင်အထည် ၃၄၃၀၊ ရေသန့်ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀ နှင့် အိမ်သာခွက် ၁၄၇၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



ဩဂုတ် ၁၉ ရက်က ပိန်းဇလုပ်မြို့ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်နှင့်အဖွဲ့ ပိန်းဇလုပ်ဒေသ ရေဘေးသင့်ပြည်သူ ၇၈ ဦးအတွက် မြဝတီမြို့နှင့် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု စေတနာရှင်များလှူဒါန်းသော အဝတ်အထည်၊ စားသောက်ကုန်နှင့် ပန်းကန်မျိုးစုံနှင့် ပြန်/ဆက်ဌာနမှ လှူဒါန်းသည့် သတင်းဂျာနယ်၊ မဂ္ဂဇင်းများကို ပေးအပ်လှူဒါန်းနေစဉ်။

ပိန်းဇလုပ်(သိန်းညွန့်)

# ရေကြီးနစ်မြုပ်လယ်ယာမြေများ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး မျိုးစပါးများ မုံရွာဆိပ်ကမ်းမှ ကလေးဒေသအရောက် ထပ်မံတင်ပို့

**မုံရွာ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကြောင့် စပါးခင်းများ ရေနစ်မြုပ်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ ရေနစ်မြုပ်ပျက်စီးခဲ့သည့်စပါးခင်းများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်မှုဖြင့် ထွန်စက်များဖြင့် ကူညီထွန်ယက်ပေးခြင်း၊ မျိုးစပါးများကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မျိုးစပါးများ ထောက်ပံ့ပေးနိုင်မှုအခြေအနေနှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက "ရေပြန်ကျသွားပြီဆိုတော့ ကလေးဒေသမှာရှိတဲ့ စိုက်ပျိုးလို့ရနိုင်တဲ့ လယ်ယာမြေတွေမှာ ရွေ့သွယ်ရင် ရက် ၉၀ စပါး မျိုးစေ့ ၇၂၇၅ ဧကအတွက် ၇၂၇၅ တင်း ကီလို ၃၇၅၇၅ ကိုလည်းကောင်း၊ ၅၃၆၈ ဧကအတွက် စပ်မျိုးစပါး (Gw-1) စပါး ၃၇၅၇ ကီလိုကို မုံရွာဆိပ်ကမ်းမှ ကလေးဝအရောက် သန်းထိုက်စိုး ဇက်ရေယာဉ်ဖြင့် ဩဂုတ် ၁၆ ရက်က ထပ်မံတင်ပို့ထားကြောင်း၊ ကလေးဝမှတစ်ဆင့် ကလေးဒေသရှိ တောင်သူများ စိုက်ပျိုးချိန်မီ ပေးပို့သွားပါမယ်" ဟု ပြောကြားခဲ့သည်။

ဖိုးချမ်း(မုံရွာ)

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၉ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၂၂၈ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၉၅၇ | ၁၇၆၇၄၀ | ၁၄၄၈၉၄ | ၁၁၄၇၅၁ | ၂၄၁၂၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၈၃၁၄ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၅၃၇၀ | ၉၆၈၄၆ | ၆၅၈၅၈ | ၆၁၄၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၆၀၈၆၅ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၅၆၇၆၃ | ၆၆၅၄၈ | ၁၀၀၆၉ | ၁၀၁၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၃၃၃၆၁ | ၁၂၄၆၃၇ | ၇၄၃၈၉ | ၅၆၅၈ |
| စုစုပေါင်း | | ၁၄၄၃၈၃၈ | ၁၁၉၃၂၈၁ | ၉၆၃၈၉၉ | ၆၅၃၆၈၀ | ၂၁၁၇၄၀ |

# ငါးသိုင်းချောင်း၌ စိုးရိမ်ရေမှတ်ကျော်သော်လည်း ရေဆက်လက်ကျဆင်းနေ

**နေပြည်တော် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝေါနိမြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ် လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

(သတင်းစဉ်)




## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

## ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း နေရာကွက်ကျားမိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၀ ရက်တွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# CB-KMA Foundation နှင့်အတူ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကျောက်တော်နှင့် မြောက်ဦးမြို့နယ် အတွင်းရှိ ဘုရားပေါင်း၊ မြောင်းဘွေ၊ ကျွဲတည်း၊ တောင်ဦး စသည့်ကျေးရွာများသို့ CB -KMA Foundation မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ သွားရောက်ပြီး ဩဂုတ် ၁၆ ရက်က အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း၊ စိတ်ဓာတ်မြှင့်တင်ရေးအတွက် အားပေးစကားများ ပြောကြားခြင်း၊ သီချင်းများသီဆိုဖျော်ဖြေခြင်းနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် ပါရမီဆေးရုံမှ ဆရာဝန်များလိုက်ပါ၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ခဲ့သည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထောက်ပံ့ကူညီပေးရန်၊ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါအဖွဲ့သည် ဩဂုတ် ၁၇ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့၏ ရေဘေးသင့်ဒေသပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်အတူ တက်ရောက်ခဲ့သည်။




ယင်း CB- KMA Foundation အနေဖြင့် ရေဘေးသင့်ပြည်သူများကို အကူအညီပေးနိုင်ရန် CB Bank၊ KMA ကုမ္ပဏီလီမိတက်၊ Golden Myanmar Airlines နှင့် အခြားအလှူရှင်များက ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ မတည်ကာ ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် မြောက်ဦးမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် CB-KMA Foundation နှင့် ပူးပေါင်းပါဝင် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် CB Bank ဘဏ်ခွဲများနှင့် Golden Myanmar Airlines ရုံးများတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၉၀၂၄၈၇၊ ၀၉-၇၉၅၉၃၇၄၉၇၊ ၀၉-၅၀၈၉၁၈၅၊ ၀၉-၅၁၅၄၉၆၃၊ CB Bank Donation Hotline Number ၀၉-၂၆၂၀၈၇၀၈၊ ၀၉-၂၆၂၀၈၇၀၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရေပြန်ကျချိန်ကမ်းပါးပြိုကျနိုင်သဖြင့် ဝိုင်းဝန်းကူညီရွှေ့ပြောင်း

**ပုသိမ် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာအုပ်စု ကျောင်းကုန်းလေးကျေးရွာ၌ ဩဂုတ် ၁၉ ရက်က ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ရေပြန်ကျချိန်၌ မြစ်ကမ်းပါးပြိုကျနိုင်သည့် နေအိမ်ငါးလုံးရှိ အိမ်ထောင်စု ငါးစုမှ လူဦးရေ ၁၅ ဦးကို ထူးဖောင်ဒေးရှင်းအဖွဲ့၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ဘေးလွတ်ရာသို့ ဝိုင်းဝန်းကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ရေဝင်ကျောင်းများအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်

**မုံရွာ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၌ ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မုံရွာခရိုင်အတွင်းရှိ စာသင်ကျောင်း ၉၆ ကျောင်း ရေဝင်ရောက်ခဲ့သည့်အတွက် ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဩဂုတ် ၁၅ ရက်အထိ မုံရွာမြို့နယ်၌ ၄၉ ကျောင်းမှ ၄၅ ကျောင်းကို လည်းကောင်း၊ ချောင်းဦးမြို့နယ် ၃၃ ကျောင်းမှ ၃၁ ကျောင်းကိုလည်းကောင်း၊ ဘုတလင်မြို့နယ် ၁၁ ကျောင်းမှ ကျောင်းအားလုံးကိုလည်းကောင်း၊ အရာတော်မြို့နယ် သုံးကျောင်းမှ တစ်ကျောင်းကို လည်းကောင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက လှူဒါန်းသည့် ဆန်အိတ် ၂၀၀၀ အပါအဝင် ပြည်တွင်းပြည်ပအလှူရှင်များက လှူဒါန်းသည့် ဆန်နှင့် လူသုံးကုန်ပစ္စည်း၊ ထောက်ပံ့ပစ္စည်း တန် ၇၀ ခန့်ကို ဩဂုတ် ၁၉ ရက်တွင် ရေဘေးသင့်ဒေသများဖြစ်သည့် သာယာဝတီမြို့၊ မိုးညိုမြို့၊ လက်ပံတန်းမြို့၊ ပြည်မြို့၊ ရွှေတောင်မြို့နှင့် ပန်းတောင်းမြို့နယ်များသို့ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီမှ ပုဂ္ဂလိကမော်တော်ယာဉ် တစ်စီးနှင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်မှ မော်တော်ယာဉ်လေးစီး စုစုပေါင်း ငါးစီးဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တက်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရက လှူဒါန်းသည့် ဆန်နှင့် အလှူပစ္စည်း ၂၂ မျိုး၊ ၃၅ တန်ခန့်ကို ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် မန္တလေးမြို့မှ မကွေးမြို့သို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးယာဉ်ခြောက်စီးဖြင့် ပို့ဆောင်ခဲ့ရာ မကွေးမြို့သို့ ဩဂုတ် ၁၈ ရက် ည ၁၁ နာရီခွဲတွင် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ဆက်လက်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၉**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့ရာတွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်သုံးခါက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ဖြစ်သည့် ခြင်ထောင်၊ ဆေးပစ္စည်းမျိုးစုံ၊ စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးစိမ်ခြင်ထောင်၊ ဘောင်းဘီအစုံ၊ ဆန်၊ ရေသန့်ဆေးနှင့် ခေါင်းအုံးများကို ယနေ့တွင် ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စေတုတ္တရာမြို့နယ် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး ယူနိုက်တက်အမရာဘဏ်က ငွေကျပ်သိန်း ၃၀၀၀ မတည်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ယူနိုက်တက်အမရဘဏ်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အစီအစဉ်တစ်ရပ်ချမှတ်၍ ဩဂုတ် ၁၄၊၁၅၊ ၁၆ ရက်တို့တွင် ရေဘေးဒဏ်ခံစားခဲ့ရသည့် ကျေးရွာပေါင်း ၃၁ ရွာကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ယူနိုက်တက်အမရာဘဏ်က ငွေကျပ်သိန်း ၃၀၀၀ မတည်ခဲ့ပြီး စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၁ ရွာမှ အိမ်ခြေပေါင်း ၃၀၀၀ ကျော်ကို တစ်အိမ်ထောင်လျှင် ထောက်ပံ့ကြေး ငွေကျပ် ၅၀၀၀၀ ၊ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါးများကို လှူဒါန်းခဲ့သည်။

ရေဘေးသင့်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှေ့ရှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း UAB Bank CEO ဦးသန်းဝင်းဆွေက ပြောသည်။

ယူနိုက်တက်အမရာဘဏ်က လိုအပ်ချက်ရှိသည့် ရေဘေးသင့်နေရာများသို့ ထပ်မံကွင်းဆင်း၍ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးကို (သတင်းစဉ်)**

# မြစ်ရေပြန်လည်ကျဆင်း၍ ညောင်တုန်းမြို့နေပြည်သူများ နေရပ်သို့ပြန်

**ညောင်တုန်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည့် အိမ်ထောင်စုများသည် ယခုအခါ မြစ်ရေကျဆင်းပြီဖြစ်၍ ၎င်းတို့၏ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြို့နယ်မှ တာဝန်ရှိသူများကလည်း ရေကောင်းရေသန့်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မိသားစုများအလိုက် အခက်အခဲမရှိ ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ရေကြီးနစ်မြုပ်လယ်မြေများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး ဟင်္သာတစက်မှုလယ်ယာက အသင့်ပြင်ဆင်

**ဟင်္သာတ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားမှုဖြင့် ဟင်္သာတမြို့နယ် စက်မှုလယ်ယာစခန်း အမှတ်(၁၅)မှ မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဦးက ကြီးကြပ်၍ ဝန်ထမ်း ၂၀ ဦးက 2KR-၂၀၁၂ ထွန်စက် ၁၅ စီးဖြင့် လယ်ယာမြေများ ရေပြန်လည်ကျဆင်းသွားပြီးနောက် အမြန်ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် အသင့်ပြင်ဆင်ထားရှိ၍ ကူညီထွန်ယက်ပေးသွားမည်ဖြစ်သည်။ ဟင်္သာတမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသောလယ်မြေ ၅၁၆၈ ဧကကို ကူညီထွန်ယက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးထွန်း(ဟင်္သာတ)**

# ဇီးကုန်းမြို့၌ ရေကြီးနစ်မြုပ်လယ်မြေများ အသစ်ပြန်လည်စိုက်ပျိုး

**ဇီးကုန်း ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ကိုမန်မှန်တိုင်းဝင်ရောက်မှု၊ မိုးအဆက်မပြတ်ရွာသွန်းမှုတို့ကြောင့် မြို့နယ်အတွင်း လယ်မြေ ၁၂၆၅၂ ဧက ရေလွှမ်းခံခဲ့ရပြီး ၂၉၅၅ ဧက ထိခိုက်၍ ၁၇၃၃ဧက ပျက်စီးခဲ့သည်။

ရေလွှမ်းမှုဒဏ် အများဆုံး ခံစားရသော စပါယ်မြောင်ကျေးရွာအုပ်စု တယ်ပင်ကန်ကျေးရွာ၊ လေးပုကုန်းကျေးရွာ၊ စပါယ်မြောင်ကျေးရွာများတွင် လယ်မြေဧက ၁၇၀၀ ကျော် ပျက်စီးခဲ့ပြီး ဩဂုတ် ၁၉ ရက်အထိ GAP စနစ်ဖြင့် လယ်မြေ ၄၃၃ ဧက ကျော်ကို ပြန်လည်စိုက်ပျိုးခြင်းဖြစ်၍ ရေကျသွားသောနေရာများတွင် ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် မျိုးစပါးများကိုလည်း မကြာမီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်(ဇီးကုန်း)**

■ *ကျောဖုံးမှ*

တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ရှိနေပြီး မုန်တိုင်းအမျိုးအစားမှာ အဆင့် (၄)အနေအထားဖြစ်သည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်း ဂိုနီနှင့် အက်ဆနီတို့သည် မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်နိုင်မှုအခြေအနေ နည်းပါးကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာနက ယနေ့မွန်းလွဲပိုင်းတွင် ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံနယ်စပ်နေပြည်သူများ လွတ်လပ်အေးချမ်းစွာ ကူးလူးဆက်ဆံ၍ စီးပွားရေးလုပ်ငန်းကောင်းများဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်အား ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် လာအိုအစိုးရဝန်ကြီးများအဖွဲ့ရုံးသို့ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီး တင်ထွန်းအောင်တို့တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ်နှင့်အတူ Major General Souvone Leuangboummy၊ နိုင်ငံခြားဆက်ဆံရေးဌာနညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံဆက်ဆံရေးနှင့် တပ်မတော်ချင်း၊ အာဆီယံနိုင်ငံချင်း အိမ်နီးချင်းကောင်းဆက်ဆံရေး စသည့် ထူးခြားသောဆက်ဆံရေး (၄)ရပ်ဖြင့် မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခို၊ နယ်စပ်ပြဿနာများကို ပူးပေါင်းဖြေရှင်းရေးနှင့် သတင်းဖလှယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများလွတ်လပ်အေးချမ်းစွာ ကူးလူးဆက်ဆံ၍ စီးပွားရေးလုပ်ငန်းကောင်းများ ဆောင်ရွက်နိုင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့အနီးရှိ လာအိုနှင့် ထိုင်းချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(မြဝတီ)**



# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဩဂုတ် ၁၉**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Souvone Leuangboummy က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လာအိုကာကွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး လာအိုဒုတိယ ကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် လာအိုနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်နှစ်ရပ်အကြား ခိုင်မာသောချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ စစ်ဘက်သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ အပြန်အလှန်သတင်းဖလှယ်ရေး၊ မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခိုနှင့် နယ်စပ်ပြဿနာများ ပူးပေါင်းဖြေရှင်းရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တပ်မတော်အားကစားနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ ဆေးပညာဖလှယ်ရေးအပြင် တပ်မတော်နှစ်ရပ်တွင် ရိုးသားမှုနှင့် ယုံကြည်မှုကို အခြေခံ၍ ဆက်ဆံရေးကောင်းများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ဗီယင်ကျန်းမြို့ရှိ အညတရစစ်သည် ဗိမာန်သို့ သွားရောက်၍ လွမ်းသူပန်းခွေချ အလေးပြုကြသည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲ Major General Souvone Leuangboummy က LandMark Mekong Riverside Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(မြဝတီ)**

❀ ကျောဖုံးမှ

မြေအက်ကြောင်းများ အနေအထားအရ ထပ်မံပြိုကျနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းသိရသည်။

အဆိုပါ မြေကျွံကျရာနေရာ အနက်ပေ ၄၀ ခန့်အတွင်း ကျဆင်းနေသည့် ဆယ်ဘီးမော်တော်ကားနှစ်စီး လမ်းပေါ်သို့ ပြန်လည်ရောက်ရှိရေးအတွက် မြိတ်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့ ဦးစီးလျက် မြေတူးစက်ဖြင့် လမ်းလွှဲတူးဖော်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများအားဖြည့်ကူညီပေးကြသည်။

ထိုကဲ့သို့ မြေသားလမ်းတစ်ခြမ်း ကျွံကျမှုဖြစ်ပွားသော်လည်း မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းမြို့နှင့် တနင်္သာရီ-မောတောင်(နယ်စပ်) ခရီးသွားမော်တော်ယာဉ်များအတွက် လမ်းပြတ်တောက်မှု(လုံးဝ)မရှိကြောင်း၊ ယခင်သွားနေကျအတိုင်း လွယ်ကူစွာသွားလာ၍ ရကြောင်းသိရသည်။

လက်ရှိအခြေနေအရ မြေသားများ ထပ်မံကျွံကျနိုင်ဖွယ်ရှိသေးသဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် လမ်းညွှန်ဆိုင်းဘုတ်များ၊ ညပိုင်းတွင် အချက်ပြမီးများ ထွန်းပေးထားမည်ဟု သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**


**မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့** (ရန်ကုန် – ဂယာ – ရန်ကုန် တိုက်ရိုက်ခရီးစဉ်)

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉) သိန်း
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း

လိုင်စင်အမှတ်–ခ–၂၈၀၅ | **အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင် နဲ့သွားကြစို့** | မှတ်ပုံတင်–၃၃၀/၂၀၀၅–၂၀၀၆(ဂုဏ)

သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ ခရီးစဉ် တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါးနှင့် Tour Leader တစ်ဦးအမြဲပါရှိပါမည်။ (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ခရီးစဉ်အတွင်း ငွေကြေး ထပ်မံကောက်ခံခြင်းမရှိကြောင်း အထူးပင်အာမခံပါသည်။ ဟိုတယ် (၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ mgytravel@gmail.com

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁–၅၆၀၁၆၅၊ ၅၆၀၁၆၄၊ ၀၉–၄၉၇၇၇၀၄၅၊ ၃၁၁၈၀၀၈၁၊ ၂၆၀၇၁၃၂၃၂၊ ၄၀၁၅၆၆၁၀၁



**မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀) အမျိုးအစား ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့် ကတ္တရာပမာဏ၊ တင်ဒါလျှောက်လွှာစတင်ထုတ်ပေးမည့်ရက်နှင့် အသေးစိတ်အချက်အလက်များအား မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း–၀၆၃–၂၃၀၁၈၊ ၀၆၃–၂၅၁၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



**ဖခင်အမည်မှန်**

ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးကျန်ဘာ ၁/မစန(နိုင်)၀၄၁၃၅၅ ဖြစ်ပါသည်။

**ဦးကျန်ဘာ**

**ဖခင်အမည်မှန်**

ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A) မှ မမလန်ကော့အောင်၏ ဖခင်အမည်မှန်မှာ ဦးမလန်နော် ၁/မစန(နိုင်)၀၂၄၇၀၈ ဖြစ်ပါသည်။

**ဦးမလန်နော်**

**သွေးသည် အသက်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ပ/၂၉၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**

ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(D) မှ မဘောက်ရိန်၏ ဖခင်အမည်မှန်မှာ ဦးဒါရှီတန်ဂွန်း ၁/ဗမန(နိုင်)၀၀၆၃၄၅ ဖြစ်ပါသည်။

**ဦးဒါရှီတန်ဂွန်း**

**စော်ဘွားကြီးကုန်း အိမ်ဆောက်ပစ္စည်းဈေးကွက်**
**နှစ်ထပ်ဆိုင်ခန်း(နှစ်ခန်းတွဲ)ရောင်းမည်**

တိုက်–A၊ RC နှစ်ထပ်တိုက်၊ အပေါ်ထပ် စလပ်လောင်းပြီး အသင့်တင့်ပြင်ဆင်ပြီး၊ စော်ဘွားကြီးကုန်း တိုးချဲ့ဝင်းအတွင်း၊ ဘဏ်များအနီး၊ 56'×30'နှစ်ထပ်နှစ်ခန်းတွဲ၊ တစ်ခန်းလျှင် (၄၇၅၀)သိန်း။

**ဆက်သွယ်ရန်ဖုန်း–၀၁–၃၉၄၉၄၈၊**
**၀၁–၃၉၄၉၄၉၊ ၀၉–၇၉၅၉၀၀၃၃၆**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ OIAC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(ဂ)၌ ပညာသင်ကြားနေသူ မနန်းခင်နှင်း၏ ဖခင်အမည်မှန်မှာ ဦးရှီကျင်ဆိုင် ၁၃/လရန(နိုင်)၀၈၄၆၈၉ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ ရန်ကင်းအိမ်ရာစခန်း၊ တိုက်အမှတ်(၄၂)၊ အခန်းအမှတ်(၅၀၂)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်စပ်ဆက်လျက်ရှိသော ရေ၊ မီး၊ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်လျက်ရှိသူ ဦးတင်မောင် ၆/တသရ(နိုင်)၀၀၂၇၅၀ ၄င်းထံမှ GP ရရှိသူ ဒေါ်သန်းသန်းအေး ၁၂/ပဘတ(နိုင်)၀၀၆၄၂၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ရန်အတွက်စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လတ် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER ၊အခန်းအမှတ်(၄၀၃)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၉၃၀၆၅၅၀**

# ထိုင်းနိုင်ငံ၌ ဗုံးနှစ်လုံးပေါက်ကွဲပြီးနောက် လုံခြုံရေးတင်းကျပ်



**ဗန်ကောက် ဩဂုတ် ၁၉**

ဗန်ကောက်မြို့လယ်ကောင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပြီး နှစ်ရက်အကြာတွင် ဘုရားကျောင်းကို အများပြည်သူအတွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

လူများသည် ဧရာဝဏ်ဘုရားကျောင်းသို့ သွားရောက် လည်ပတ်ကြပြီး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူများအတွက် ဆုတောင်းပတ္ထာနာ ပို့သပေးခဲ့ကြသည်။ အဆိုပါ ပေါက်ကွဲမှုတွင် လူ ၂၀ သေဆုံးခဲ့ပြီး ၁၂၅ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဘုရားကျောင်းရှိ စတီးအကာများသည် ဗုံးပေါက်ကွဲမှုကြောင့် တွန့်လိမ်လျက်ရှိပြီး ဘုရားကျောင်းရှိ ရုပ်တုလည်း ပျက်စီးသွားခဲ့သည်။

လူစည်ကားသော နေရာတွင် ပေါက်ကွဲမှု ဖြစ်ပွားသည့်အတွက် ထိတ်လန့်တုန်လှုပ်မိကြောင်း၊ နောက်တစ်ခါ ယခုလို ဖြစ်ရပ်မျိုး ထပ်မဖြစ်ရန် ဆုတောင်းကြောင်း ဘုရားကျောင်းသို့ လာရောက်သော ဧည့်သည်များက ပြောသည်။

အခြားဗုံးတစ်လုံးသည် ဩဂုတ် ၁၈ ရက်က နိုင်ငံခြားခရီးသွားအများစု လာရောက်သောနေရာတွင် ပေါက်ကွဲခဲ့သော်လည်းခရီးသွားများ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိခဲ့ပေ။ ဗန်ကောက်တွင် ဗုံးနှစ်လုံးပေါက်ကွဲပြီးနောက် လုံခြုံရေးတင်းကျပ်ထားသည်။ ယင်းမြို့တော်တွင် လုံခြုံရေးဂိတ်များကို ဖြန့်ကြက်ထားပြီး လုံခြုံရေးများ တင်းကျပ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရွှေ့ပြောင်းအခြေချဒုက္ခသည်သင်္ဘောများ ကို့စ်ကျွန်းမှ ဂရိသို့ ထွက်ခွာ

**အေသင် ဩဂုတ် ၁၉**

ရွှေ့ပြောင်းအခြေချသူများ စီးနင်းလိုက်ပါသော သင်္ဘောတစ်စီးသည် ကို့စ်ကျွန်းမှ ဩဂုတ် ၁၉ ရက်တွင် ထွက်ခွာလာပြီး ဂရိသို့ ဦးတည်ခုတ်မောင်းလာကြောင်း အာဏာပိုင်များက ပြောသည်။ ဂရိကမ်းခြေစောင့်တပ်ဖွဲ့ရုံးက အဆိုပါသင်္ဘောသည် ရွှေ့ပြောင်းအခြေချသူများအတွက် ရေပေါ်စခန်းအဖြစ်လည်းကောင်း၊ မှတ်တမ်းတင်နေရာအဖြစ်လည်း ကောင်း ဆောင်ရွက်ပေးနေပြီး မြောက်ပိုင်းဆိပ်ကမ်းမြို့ တက်ဆာလိုနီကီသို့ ဦးတည်သွားနေကြောင်း သိရသည်။ ၎င်းမြို့သည် ဂရိနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ဂရိကမ်းခြေပေါ်တွင် ရွှေ့ပြောင်းအခြေချဒုက္ခသည် ပေါင်း ၂၁၀၀၀ သောင်တင်နေသည့် ကိစ္စဖြစ်ပွားပြီးနောက် ဩဂုတ် ၁၈ ရက်က ဂရိနိုင်ငံသည် ၎င်း၏မိတ်ဖက် ဥရောပသမဂ္ဂသို့ ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းပေးရန် မေတ္တာရပ်ခံခဲ့သည်။ ရောက်ရှိလာသော ဒုက္ခသည်အများစုမှာ ဆီးရီးယားပြည်တွင်းစစ်မှ ရှောင်ပြေးလာကြသူများဖြစ်သည်။

ကို့စ်တွင် ရုန်းရင်းဆန်ခတ်အခြေအနေများ တိုးမြင့်လာသောကြောင့် ဂရိအစိုးရသည် လွန်ခဲ့သော နှစ်ပတ်က ဆီးရီးယားဒုက္ခသည် ၂၅၀၀ အတွက် ကြိုပို့ယာဉ်များ စီစဉ်ပေးခဲ့ပြီး ၎င်းကျွန်း၏ ဒုက္ခအကျပ်အတည်းကို လျော့ပါးစေခဲ့သည်။ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ အခြားနေရာ များမှ ရွှေ့ပြောင်းအခြေချဒုက္ခသည် ထောင်ပေါင်းများစွာသည် အဆောက်အအုံပျက်များနှင့် အမိုးအကာမရှိ ဟင်းလင်းပြင်များတွင် နေထိုင်ကြရသည်။

အခြား ရွှေ့ပြောင်းအခြေချသူအများစုမှာ အိမ်နီးချင်းဖြစ်သော မက်ဆီဒိုနီးယားမှ တက်ဆာလိုနီကီသို့ ခြေကျင်သွားကြပြီး အဆိုပါနေရာမှ ဥရောပမြောက်ပိုင်းသို့ သွားရန်စီစဉ်လျက်ရှိကာ ၎င်းဒေသတွင် ပိုမိုကောင်းမွန်သော အခြေအနေကို ရရှိရန် မျှော်မှန်းထားသည်။ ဂရိနိုင်ငံတွင် စီးပွားရေးဂယက်ရိုက်မှုကြောင့် ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ မရရှိနိုင်ပေ။ ဂျီနီဗာရှိကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဂရိနိုင်ငံတွင် ရွှေ့ပြောင်းအခြေချဒုက္ခသည်များ အရေးကို ဖြေရှင်းရန် ဦးဆောင်မှုပို၍ လိုအပ်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# အိန္ဒိယလေကြောင်းလိုင်း အင်ဒီဂိုက ကန်ဒေါ်လာ ၂၆ ဒသမ ၅ ဘီလီယံတန် A- 320 လေယာဉ်အစင်း ၂၅၀ အဲဘတ်စ်ကုမ္ပဏီထံမှ ဝယ်ယူမည်

**နယူးဒေလီ ဩဂုတ် ၁၉**

အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးလေကြောင်းလိုင်းတစ်ခုဖြစ်သည့် အင်ဒီဂိုက အိန္ဒိယနိုင်ငံ၏ လေကြောင်းဈေးကွက်တွင် ဝေစုအများဆုံးရရှိရန်ရည်ရွယ်ချက်ဖြင့် ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီမှ အဲဘတ်စ်လေယာဉ် A -320 အစင်း ၂၅၀ အတွက် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅၅ ဘီလီယံဖြင့် ဝယ်ယူမည့် အမှာစာကို အပြီးသတ် သဘောတူလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဲဘတ်စ်လေယာဉ်အစင်း ၂၅၀ ဝယ်ယူရေးအတွက် အင်ဒီဂိုက ယမန်နှစ် အောက်တိုဘာလတွင် ကြေညာထားသည့် အဲဘားစ်လေယာဉ်အမှာစာကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယခုအခါ အင်ဒီဂိုလေကြောင်းလိုင်းသည် အဲဘတ်စ်ကုမ္ပဏီထံမှ A -320 လေယာဉ်အစင်းပေါင်း ၅၃၀ မှာကြားထားပြီးဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါသဘောတူညီချက်က အင်ဒီဂိုလေကြောင်းလိုင်းအား အဲဘတ်စ်ကုမ္ပဏီထုတ် A -320 လေယာဉ် အများဆုံးမှာယူသူဖြစ်လာစေခဲ့သည်။ အဲဘတ်စ်ကုမ္ပဏီထုတ် A- 320 လေယာဉ်အများဆုံး ဝယ်ယူသည့် လေကြောင်းလိုင်းများတွင် မလေးရှားနိုင်ငံမှ Air Asia နှင့် အင်ဒိုနီးရှားနိုင်ငံမှ Lion Air တို့ပါဝင်သည်။




အင်ဒီဂိုလေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံ၏ ကြီးထွားလာသော လေကြောင်းဈေးကွက်တွင် ဝေစုပိုမိုရရှိရန် အဲဘတ်စ်ဂျက် လေယာဉ်များ အများအပြားမှာယူခဲ့သည်။

အိန္ဒိယလေကြောင်း ခရီးသွားလာမှုဈေးကွက်သည် ၂၀၃၁ ခုနှစ်ဝန်းကျင်တွင် ကမ္ဘာ့တတိယအကြီးမားဆုံး ဈေးကွက်ဖြစ်လာမည်ဟု အပြည်ပြည်ဆိုင်ရာလေကြောင်း ပို့ဆောင်ရေးအသင်း (IATA) က ခန့်မှန်းထားသည်။

**(ရိုက်တာ)**

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာအမျိုးသားလေကြောင်း**
**ကြော်ငြာအမှတ်(၃/၂၀၁၅)**
**လေယာဉ်မယ်လျှောက်လွှာခေါ်ယူခြင်း**

၁။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။ အိမ်ထောင်မရှိသူအပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ခ) ၃၁-၈-၂၀၁၅ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၄)နှစ်ထက်ကျော်လွန်သူ မဖြစ်စေရ။
(ဂ) လေယာဉ်မယ် အရပ် ၅ပေ ၄လက်မနှင့် အထက်ရှိသူ ဖြစ်ရမည်။
(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်တပ်ဆင်သူ မဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်။)
(စ) အင်္ဂလိပ်စာအရေး/အပြော ကျွမ်းကျင်မှုနှင့် အခြားဘာသာစကား တစ်ရပ်ရပ်တတ်ကျွမ်းသူအား ဦးစားပေးမည်။ (စစ်ဆေးမှုရှိမည်။)
(ဆ) မြန်မာနိုင်ငံ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပထမနှစ်အောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဇ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်။)
(ဈ) မြန်မာအမျိုးသားလေကြောင်း၌ အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာပူးတွဲလျက် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ၃၁-၈-၂၀၁၅ ရက်နောက်ဆုံးထား၍ မြန်မာအမျိုးသားလေကြောင်း(ရုံးချုပ်)၊ အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ် မြန်မာအမျိုးသားလေကြောင်းဌာနခွဲရုံးများသို့ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်-
(က) ရှေ့တည့်တည့်နှင့် ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ(၅"×၇" ဆိုက်) (၁)ပုံစီ
(ခ) ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းခံရပါက မူရင်းတင်ပြရန်)
(ဃ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ထောက်ခံချက်
(င) သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ကြောင်း ထောက်ခံချက်
(စ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ခံရပါက မူရင်းတင်ပြရန်။)

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်မေးမြန်းရန် - HR-၀၁-၃၇၉၄၇၁
၀၁-၅၃၃၁၀၃၊ ၀၁-၃၇၄၅၉၅
**မြန်မာအမျိုးသားလေကြောင်း**

**ဒလမောင်းတက်/ဆင်း တံတား**
**ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း**

ဒလဘက်ကမ်းရှိ ဒလမော်တော်ယာဉ်မောင်းတက်/ဆင်းတံတား၏ အောက်ခံသံပေါင်ရက်မနှင့်ဆင့်တန်းများ၊ သစ်သားကြမ်းခင်း လဲလှယ်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀-၈-၂၀၁၅ရက်မှ ၂၅-၈-၂၀၁၅ရက်အထိ ခြောက်ရက်ခန့် ဆောင်ရွက်မည်ဖြစ်ပါ၍ မော်တော်ယာဉ်များ တံတားဖြတ်သန်းအသုံးပြုခြင်းကို ခေတ္တယာယီပိတ်ထားမည် ဖြစ်ပါကြောင်း တံတားအသုံးပြုသူများအား အသိပေးအပ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အမည်ပြောင်း**

ဦးကျော်မိုးနိုင်၏ သား ရွှေဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းထက်ဇော်အား မောင်သန့်ဇင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သန့်ဇင်အောင်**

**မိဘအမည်မှန်**

မိုးကောက်မြို့၊ နွယ်လန်း လ-ခွဲကျောင်း ပဥ္စမတန်းမှ မဇွန်ပွင့်၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်းအောင်-ဒေါ်အပ်ရုပ် ဖြစ်ပါသည်။

**ဦးထွန်းထွန်းအောင်-ဒေါ်အပ်ရုပ်**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)**
**အိတ်ဖွင့်လေလံတင်ရောင်းချရေးဖိတ်ခေါ်ခြင်း**

(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချလိုပါသည်။
(က) Lot No.(1) ဘက်ထရီ
Lot No.(1-1) 50Ah နှင့် အောက် - ၆၇၄၀ လုံး
Lot No.(1-2) 51 Ah နှင့် 100 Ah အောက် - ၂၄၈၀ လုံး
Lot No.(1-3) 100Ah နှင့်အထက် - ၂၁၉၀ လုံး } ၁၁၄၁၀လုံး
(ခ) Lot No.(2) တာယာအဟောင်း - ၁၃၅၀၀ လုံး
(ဂ) Lot No.(3) Alloy Wheel(ဆိုက်စုံ) - ၅၁၄၀ ခု
(ဃ) Lot No.(4) ဝိုင်ယာကြိုးအပိုင်းအစ - ၁၅ တန်
(င) Lot No.(5) ဒိုင်နမိုအဟောင်း - ၃၀၀၀ လုံး
(စ) Lot No.(6) မော်တာအဟောင်း - ၃၀၀၀ လုံး
(ဆ) Lot No.(7) ရေတိုင်ကီအဟောင်း - ၁၀၀၀၀ ခု
(ဇ) Lot No.(8) ထိုင်ခုံအဟောင်း - ၁၀၀ တန်
(၂) အထက်ဖော်ပြပါ ပစ္စည်းအဟောင်းများအား Lot No. အလိုက်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
(၃) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၄-၈-၂၀၁၅ရက်မှ ၃၁-၈-၂၀၁၅ရက်အထိ
(၄) **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)
(၅) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၁-၉-၂၀၁၅ရက် နံနက် ၁၀နာရီတိတိ
(၆) **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)
(၇) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁-၉-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတိတိ
(၈) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၆၇ (နည်းပညာ ဖွံ့ဖြိုးရေးဌာန)၊ ၀၆၆-၃၀၄၇၅၊ ၃၀၄၇၆ [အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။]

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)**
**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**

# အင်ဒိုနီးရှားနိုင်ငံကျွန်းများပေါ်မှ မြန်မာနိုင်ငံသား ရေလုပ်သားများပြန်လည်ခေါ်ဆောင်နိုင်ခဲ့



**နေပြည်တော် ဩဂုတ် ၁၉**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၅)ကို ယမန်နေ့ နံနက် ၉ နာရီက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ UN နှင့် INGO အဖွဲ့များ၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်တို့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက ၂၀၁၅ခုနှစ် မတ်လအတွင်း AP သတင်းဌာန၏ စုံစမ်းဖော်ထုတ်မှုသတင်းအရ ထိုင်းငါးဖမ်းလှေပေါ်တွင် လူကုန်ကူးခံရပြီးနောက် အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၊ ဘင်ဂျီနာကျွန်းများ ပေါ်သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၅၃၅ ဦးကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် INGO အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ဘင်္ဂါလီလူကုန်ကူးမှုများမှ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

ယခုနှစ်အတွင်း ထိုင်း-မြန်မာ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးအတွက် တတိယနှင့် စတုတ္ထအကြိမ်မြောက် အစည်းအဝေးများပြုလုပ်နိုင်ခဲ့ပြီး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ နောက်ဆုံးအဆင့် မူကြမ်းရေးဆွဲနိုင်ခဲ့ပါကြောင်း၊ လူကုန်ကူးခံရသူများအား ကြိုတင်ကာကွယ်ရေး၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေး စသည့် လုပ်ငန်းစဉ်များအတွက် ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေများ ခွင့်ပြုခဲ့ကြောင်းနှင့် ထိုခွင့်ပြုငွေမှ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် လူကုန်ကူးခံရသူများကို တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် Human Trafficking Working Groupမှ တာဝန်ရှိသူများက လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကိုဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြန်မာနှင့် အစ္စရေးအတွက် အရေးကြီး

**တွေ့ဆုံမေးမြန်း - ဒေါက်တာသာစိန်၊ စိုးသူရ**
**ဓာတ်ပုံ - ကျော်သဲအိမ်**



အစ္စရေး စိုက်ပျိုးရေးပညာရှင် Mr. Nir Atzmon

ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသော စိုက်ပျိုးရေးပြပွဲတွင် Greenforest Consulting Ltd မှ အစ္စရေး စိုက်ပျိုးရေးပညာရှင် Mr. Nir Atzmon နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ စိုက်ပျိုးရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုက မြန်မာနဲ့အစ္စရေး နှစ်နိုင်ငံစလုံးအတွက် အလွန်အရေးပါပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အမြင်လေး သိပါရစေ။**

ဖြေ ။ ပူးပေါင်းဆောင်ရွက်မှုအရေးပါတယ်ဆိုတဲ့အချက်ကို ကျွန်တော် သဘောတူပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဟာ အဓိကအရေးကြီးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း အကြောင်းရင်းကောင်း တစ်ခုဖြစ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံက ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရတဲ့ လယ်ယာမြေတွေ ပြန်လည်ဖော်ထုတ်ရေးကိစ္စမှာ အစ္စရေးနိုင်ငံက ဘယ်လိုအကူအညီမျိုးတွေ ပေးမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ကျွန်တော်နားလည်တာကတော့ ရေလွှမ်းမိုးတာက မြန်မာနိုင်ငံအနှံ့အပြားမှာ အဓိကပြဿနာတစ်ရပ်ဖြစ်နေပါတယ်။ ဒီကိစ္စကိုဖြေရှင်းဖို့ နှစ်နိုင်ငံစလုံးက မိုးလေဝသပညာရှင်တွေ၊ဘူမိဗေဒပညာရှင်တွေ လက်တွဲပြီး လုပ်ဆောင်ရပါမယ်။ ဒီအချက်က ရေလွှမ်းမိုးမှု ပြဿနာကို ဖြေရှင်းဖို့ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါတယ်။

**မေး ။ အခုကျင်းပနေတဲ့ပြပွဲကနေ ဘာတွေ မျှော်လင့်ထားပါသလဲ။**

ဖြေ ။ ကျွန်တော့်အနေနဲ့ ဒီပြပွဲကို လုံးဝအကောင်းမြင်ပါတယ်။ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အခြေခံအုတ်မြစ်တွေ ချနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နှစ်နိုင်ငံစလုံးရဲ့ ပြင်းပြတဲ့ ဆန္ဒတွေကြောင့်ဒီကိစ္စ ပြီးမြောက်သွားပါလိမ့်မယ်။

**မေး ။ အစားအစာတွေ ဘေးကင်းဖို့အတွက် ဘာတွေ ဆောင်ရွက်ဖို့လိုအပ်ပါသလဲ။**

ဖြေ ။ အစားအစာတွေ ဘေးကင်းဖို့ သုတေသနလုပ်ရပါမယ်။ ကျွန်တော်တို့ အစားအစာ ဘေးကင်းလုံခြုံရေးကို တစ်ကမ္ဘာလုံးက သတိထားနေကြပါတယ်။ အကယ်၍ သတိမထားရင် အရွယ်မတိုင်မီ သေဆုံးမယ့်ဘေးနဲ့ ရင်ဆိုင်ကြရပါမယ်။ စားသုံးသူပညာပေးရေးလုပ်ငန်းတွေကိုလည်း ဈေးကွက်အတွင်း ဆောင်ရွက်ရပါမယ်။ စိုက်ပျိုးရေးတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေကိုလည်း ဒီပညာရပ်တွေကို သေချာသင်ကြားပေးရပါမယ်။ ကျွန်တော်တို့ အစားအစာတွေ စစ်ဆေးတဲ့နေရာမှာ ဓာတုဆေးကြွင်းတွေ မပါဝင်အောင် စစ်ဆေးပါတယ်။ ဓာတုဆေးကင်းတဲ့ အစားအသောက်တွေ လိုပါတယ်။

**မေး ။ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ဖို့ ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။**

ဖြေ ။ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ဖို့ လမ်းညွှန်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ၊ တောင်သူတွေကို ပညာပေးမှုတွေ လိုအပ်ပါတယ်။ အစ္စရေးနိုင်ငံက စိုက်ပျိုးရေးနည်းပညာတွေကို မြန်မာနိုင်ငံမှာ အသုံးချမယ်ဆိုရင် အကျိုးကျေးဇူးဖြစ်ထွန်းမယ်လို့ မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက်နေသည့် မဲဆန္ဒရှင်များ မဲစာရင်းပါရှိရေး ပုံစံ(၃-က)ဖြင့် လျှောက်ထားကြရန် အသိပေးနှိုးဆော်

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

၁။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၂(ဆ) နှင့် နည်းဥပဒေ ၁၀ တို့အရ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မိမိတို့နေထိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် လက်ရှိရောက်ရှိနေသော မဲဆန္ဒနယ်တွင် မဲပေးလိုပါက နည်းဥပဒေပါပုံစံ(၃-က)ဖြင့် လျှောက်ထား၍ မဲစာရင်းထည့်သွင်းခွင့်ရှိပါသည်။ ယင်းသို့လျှောက်ထားကြရန်လည်း ဤကော်မရှင်က ၁၀-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ်(၃၄/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ နည်းဥပဒေပုံစံ(၃-က)များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများတွင် တောင်းယူနိုင်ပါသည်။ သို့မဟုတ် နည်းဥပဒေပါပုံစံ(၃-က) အတိုင်း မိမိတို့အစီအစဉ်ဖြင့် ပြုစုဖြည့်သွင်း၍လည်း လျှောက်ထားနိုင်ပါသည်။

၃။ နည်းဥပဒေပုံစံ(၃-က)ဖြင့် လျှောက်ထားလာခြင်းသည် မဲစာရင်းထည့်သွင်းရန်အတွက်သာဖြစ်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ထောက်ခံပေးရန် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရက်ပေါင်း ၁၈၀ ထက်မနည်း မူလနေထိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များအနေဖြင့် နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များအတိုင်း ပုံစံ(၃-က)ဖြင့် မဲစာရင်းထည့်သွင်းပေးရန် လျှောက်ထားခြင်းကို ကော်မရှင်က ကြေညာထားသည့် ၁၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အချိန်မီ လျှောက်ထားကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဩဂုတ် ၁၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၅၀၀ မှ ၅၁၅၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၅၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၃၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၃၀ မှ ၂၃၅၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀ မှ ၉၀၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀ မှ ၂၃၇၅ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀ မှ ၃၀၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၆၈၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

ဇူလိုင်လအတွင်းရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းပွဲကို ဩဂုတ် ၁၉ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင်များကိုယ်စား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် စက်ရုံပိုင်ရှင်များက လှူဒါန်းသော ငွေကျပ်သိန်း ၈၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က လက်ခံယူပြီးဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများက ငွေကျပ်သိန်း ၃၂၀၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံရှိ မြန်မာကုမ္ပဏီများက ငွေကျပ်သိန်း ၁၀၀၊ Mr. Takashi Isaji, MD, Department of Rehabilitation Medicine, Teikyo, University School of Medicine က ငွေကျပ် ၉ဒသမ ၅ သိန်း၊ Yachiyo Engineering Co.Ltd မှ အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဇဗ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေး ပရဟိတအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၃ ဒသမ ၂၅ သိန်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စပ်လျဉ်းလုပ်ကိုင်လျက်ရှိသော မွေးမြူရေးဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင် ၂၉ ဦးက ငွေကျပ် ၅၁ ဒသမ ၈ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၄၀၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနကြားမှု ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ထိုင်ဝမ် (ICDF) အဖွဲ့က အမေရိကန်ဒေါ်လာ ၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၂/၂၀၁၅) တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို မေးမြန်းကြရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် လွှတ်တော်တွင် တင်သွင်းသော အဆိုနှစ်ရပ်ကို ဆွေးနွေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်း၊ အဆိုတင်သွင်းသူက ပြန်လည်ရှင်းလင်းခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းပေးပို့လာသည့် ကြည်း-၂၀၆၈၂ ဗိုလ်မှူးကြီး တင်အောင်ထွန်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းပြီး ဩဂုတ် ၂၀ ရက်တွင် လွှတ်တော်၏ သဘောဆန္ဒရယူမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ကျေးရွာနှစ်ရွာသို့ ကိုရီးယားနိုင်ငံမှ လာရောက်လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၁၉**

ငါးသိုင်းချောင်းမြို့ ရေဘေးအလှူခံဌာနတွင် ဩဂုတ် ၁၈ ရက်က ကိုရီးယားနိုင်ငံ INGO၊ (JTS) မှ ကိုရီးယားနိုင်ငံသူနှစ်ဦးသည် ရှင်သန်ရေးလူမှုကူညီရေးအသင်း(ရန်ကုန်)နှင့် ဆက်သွယ်ကူညီမှုဖြင့် ရေဘေးသင့်ကျေးရွာများဖြစ်သော သရက်ချောင်းအောက်စုကျေးရွာနှင့် တောင်ပေါ့ထောက်ကျေးရွာရှိ အိမ်ထောင်စု ၃၀၈ စု လူဦးရေ ၁၃၄၀ တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်၊ ပဲတစ်ပိဿာ ၅၀ ဆယ်သား၊ ဆီတစ်ဘူး၊ ခေါက်ဆွဲခြောက်အထုပ် ၃၀နှင့် ငါးပိထောင်းဘူး ၁၅ ဘူးနှင့် လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၄၀ ဖြစ်ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများတွက် နိုင်ငံတကာအဖွဲ့ အစည်းများမှ အလှူငွေများဆက်သွယ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိရာ မလေးရှားနိုင်ငံ၊ ပူချုန်း(၇) မိုင် သီရိမင်္ဂလာမေ့ရုံဆရာတော် အရှင်ကောသလ္လ၊ အရှင်ပဏ္ဏိတနှင့် တပည့် ဒါယကာ/ဒါယိကာမတို့က ကီလို ၁၀၀၀ရှိ အဝတ်အထည် အသုံးအဆောင်များကို ဩဂုတ် ၁၉ ရက်တွင် မြန်မာ့လေကြောင်းနှင့် ပေးပို့ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ Summit Footwear ကုမ္ပဏီက အသုံးအဆောင်ပစ္စည်းများလှူဒါန်းမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားအစိုးရက မြန်မာအစိုးရသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာတစ်သိန်း ငွေလွှဲလက်ခံစာရွက်ပေးပို့ခဲ့သည်။

ဂျပန်အစိုးရကလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းလှူဒါန်းပစ္စည်းများအား WFP က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း၊ UNICEF မှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ သန်း၊ IFRC က အမေရိကန်ဒေါ်လာ ၀ ဒသမ ၄ သန်း၊ ICRC က အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၅သန်း စသည်တို့မှတစ်ဆင့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံရှိ Tochigi Denshi Kagyo ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဂျပန်ယန်းငွေ ၁၀၀၀၀၀ နှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၇၉၂ ဒသမ ၉၀ ကို မြန်မာနိုင်ငံသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ငွေစာရင်းသို့ ဩဂုတ် ၁၂ ရက်က လွှဲပြောင်းလှူဒါန်းပေးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ကို မြန်မာ့အသံ Entertainment Channel နှင့် အကြိုဗိုလ်လုပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို မြန်မာ့အသံ News Channel တို့မှ ထုတ်လွှင့်ပြသပေးမည်

**နေပြည်တော် ဩဂုတ် ၁၉**

AFF U-19 Championships 2015 ဘောလုံးပြိုင်ပွဲများကို လာအိုနိုင်ငံ၌ ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာ U-19 လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၃ ရက်တွင် စင်ကာပူအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် တီမောလက်စ်တေအသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် မလေးရှားအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

AFF U-19 Championships ပြိုင်ပွဲ၏ Semi-Final ပွဲစဉ်များကို စက်တင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်တွင်ကျင်းပမည်ဖြစ်ရာ အုပ်စုပွဲစဉ်များကို MRTV Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV News Channel တွင် AFF U-19 Championships ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၇-၈-၂၀၁၅ ရက်ထုတ် စာမျက်နှာ ၂၇ ပါ လုံး၀ ပတ်သက်မှုမရှိပါကြောင်း ကြော်ငြာတွင် အထက်တန်းရေ့နေ ဒေါ်ငြိမ်းလဲ့နိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
0973071901
02-31505 09 421746522, 01-218072

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | 4(T)/MTE/Local/2015-2016 | Spare for Komatsu D65 A-6Dozer | 1Lot |
| ၂။ | 5(T)/MTE/Local/2015-2016 | Spare for Komatsu D65 E-12 Dozer | 1Lot |
| ၃။ | 6(T)/MTE/Local/2015-2016 | Spare for Komatsu D85A-12Dozer | 1Lot |
| ၄။ | 7(T)/MTE/Local/2015-2016 | Spare for Komatsu D85A-18Dozer | 1Lot |
| ၅။ | 8(T)/MTE/Local/2015-2016 | Spare for Komatsu D85 ESSDozer | 1Lot |
| ၆။ | 9(T)/MTE/Local/2015-2016 | Spare for Caterpillar D6D Dozer | 1Lot |
| ၇။ | 10(T)/MTE/Local/2015-2016 | Spare for Komatsu WA320-3A Loader | 1Lot |
| ၈။ | 11(T)/MTE/Local/2015-2016 | Spare for Clark 75III A Loader | 1Lot |
| ၉။ | 12(T)/MTE/Local/2015-2016 | Spare for Isuzu CXZ 80 Q LoggingTruck | 1Lot |
| ၁၀။ | 13(T)/MTE/Local/2015-2016 | Spare for Isuzu Hino ZU-TE 11-6GB1 Logging Truck | 1Lot |
| ၁၁။ | 14(T)/MTE/Local/2015-2016 | Band Saw Steel Strip | 6000 Kg |

၂။ ဈေးနှုန်းတင်ဒါတင်သွင်းလွှာပုံစံများ
တင်ဒါရောင်းချမည့်ရက်/အချိန် - ၂၀-၈-၂၀၁၅ရက် နံနက် ၉း၃၀ နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၄-၉-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ

**အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၄၁၉၁၊ ၂၅၄၁၆၈**




**CLAIMS DAY NOTICE**
**M.V CITY OF MUMBAI VOY:NO(22)**

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO(22) are here by notified that the vessel will arrive on about 22-8-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလို ပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ အပိုင်း(၆)

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

## အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်

**အဏုမြူနည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးတွင် အဏုမြူစွန့်ပစ်ပစ္စည်းများ အများအပြားထွက်ပေါ်လာသည်။ အဏုမြူအညစ်အကြေးများဟုလည်း ခေါ်ဆိုသုံးနှုန်းနေကြသည့် အဏုမြူစွန့်ပစ်ပစ္စည်းများ၏ ပမာဏသည် ၂၀၄၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံး၌ တန်ချိန် ခုနစ်သိန်းအထိပင်ရှိလာနိုင်ကြောင်း အဏုမြူကျွမ်းကျင်သူတို့က ခန့်မှန်းထားကြသည်။**

အဏုမြူသိပ္ပံပညာရှင်တို့က အဏုမြူစွန့်ပစ်ပစ္စည်းများကို ဂုဏ်သတ္တိအပေါ်မူတည်ပြီး အဆင့်နိမ့်စွန့်ပစ်ပစ္စည်း၊ အလယ်အလတ်အဆင့် စွန့်ပစ်ပစ္စည်းနှင့် အဆင့်မြင့်စွန့်ပစ်ပစ္စည်းဟူ၍ သုံးမျိုးခွဲခြားထားသည်။

အဆင့်နိမ့် အဏုမြူစွန့်ပစ်ပစ္စည်းများမှာ အဏုမြူစွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုခဲ့ကြသော စက္ကူနှင့်ပိတ်စများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများကို ကိုင်တွယ်ရာတွင် အသုံးပြုခဲ့သော ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းအဆောက်အအုံ၏ အစအနများနှင့် ညစ်ညမ်းနေသော မြေကြီးများ၊ ညစ်ညမ်းနေသော အမှုန်အမွှားများ ဖြစ်ကြသည်။

အလယ်အလတ်အဆင့် အဏုမြူစွန့်ပစ်ပစ္စည်းများမှာ ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် ရေဒီယိုသတ္တိကြွနေသည့် အရည်များကို အနီးပတ်ဝန်းကျင်သို့ မစွန့်ထုတ်မီ စစ်ဆေးပြုပြင်ရာတွင် အသုံးပြုသည့် အိုင်းယွန်းများကို ဖလှယ်ပေးသည့် ပစ္စည်းများ၊ အသုံးပြုပြီးသော အဏုမြူလောင်စာများကို တစ်ကျော့ပြန် သုံးစွဲနိုင်အောင် ပြန်လည်ပြုပြင်သည့် လုပ်ငန်းစဉ်မပြုလုပ်မီ သိမ်းဆည်းရာတွင် အသုံးပြုခဲ့သည့်လောင်စာကန်များအတွင်း၌ စုဝေးကျန်ရစ်နေသော အညစ်အကြေးပစ္စည်းများနှင့် ပလူတိုနီယံများ ပါဝင်နေမှုကြောင့် ညစ်ညမ်းနေသော ပစ္စည်းများဖြစ်ကြသည်။

အဆင့်မြင့်အဏုမြူစွန့်ပစ်ပစ္စည်းများမှာ အသုံးပြုပြီးသော အဏုမြူလောင်စာများ၊ ယင်းသို့သော အသုံးပြုပြီးသည့် အဏုမြူလောင်စာများကို တစ်ကျော့ပြန် သုံးစွဲနိုင်အောင် ပြုပြင်သည့်လုပ်ငန်းစဉ်မှ စွန့်ထုတ်လိုက်သော အရည်များဖြစ်ကြသည်။

အဏုမြူဓာတ်ပေါင်းဖိုများ တည်ဆောက်ရာ၌လည်း နေရာရွေးချယ်စဉ်ကပင် လူမှုရေးနှင့် နည်းပညာဆိုင်ရာ အချက်အလက်များပေါ်တွင် ဘက်စုံထောင့်စုံမှ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် စဉ်းစားရန် အလွန်အရေးကြီးသည်။ အဓိကအချက်မှာ အဘက်ဘက်မှ လုံခြုံစိတ်ချရမှု ရှိစေရေးပင်ဖြစ်သည်။

ယင်းသို့ ဘက်စုံထောင့်စုံစဉ်းစားရာတွင် ထိပ်တန်းဦးစားပေးရမည့် ကိစ္စရပ်တစ်ခုမှာ ဓာတ်ပေါင်းဖိုနှင့် အနီးကပ်ဆုံးသော ပတ်ဝန်းကျင်တွင် အခြေချနေထိုင်လျက်ရှိကြသည့် လူဦးရေပမာဏနှင့် အကယ်၍ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်လာခဲ့ပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရမည့်အစီအမံများကို လွယ်ကူလျင်မြန်စွာ လုပ်ဆောင်နိုင်ရေးပင်ဖြစ်သည်။

အင်္ဂလန်နိုင်ငံ၏ အစောဆုံးသော အဏုမြူဓာတ်ပေါင်းဖိုများကို မြို့ရွာများနှင့် အလွန်ဝေးလံသော နေရာများ၌သာ တည်ဆောက်ခဲ့ကြသည်။ ယနေ့ထိတိုင်အောင်လည်း အဏုမြူဓာတ်ပေါင်းဖိုများကို လူနေထိုင်ရာဒေသများနှင့် ဝေးလံသောနေရာများ၌သာ တည်ဆောက်ထားရှိရန် တင်းကျပ်သော မူဝါဒများကို ချမှတ်ထားဆဲပင်ဖြစ်သည်။ နောက်ပိုင်းတွင်မူ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ချမှတ်ထားသည့် မူဝါဒများ၊ ကန့်သတ်ချက်များ၊ လိုအပ်ချက်များနှင့် ကိုက်ညီပါက ကျေးလက်မြို့ပြများနှင့် မနီးမဝေးတွင် တည်ဆောက်ခွင့်ပြုရန် ဖြေလျှော့ပေးလာခဲ့သည်။

အဏုမြူစွမ်းအင်ဆိုင်ရာ အစီအစဉ်များကိုလက်ခံနိုင်ရေးအတွက် အရေးကြီးသောအချက်မှာ အများပြည်သူ ကျန်းမာရေးကိုမထိခိုက်စေရန် မတော်တဆမှုများနှင့် ဘေးအန္တရာယ်များဖြစ်စေနိုင်သောရာနှုန်းကို အနိမ့်ဆုံး အဆင့်အထိ လျှော့ချပေးရေးပင်ဖြစ်သည်။

ဘေးအန္တရာယ်ဟုဆိုရာတွင် အဏုမြူဓာတ်ပေါင်းဖိုများကြောင့် တိုက်ရိုက် ဖြစ်စေနိုင်သော ဘေးအန္တရာယ်များကိုသာမက လှုပ်ရှားလည်ပတ်နေသောစက်ရုံ၏ အခြား အစိတ်အပိုင်းများအပေါ် ဆင့်ကဲတိုးပွားဖြစ်ပေါ်လာစေနိုင်သော ဘေးအန္တရာယ်များကို ဆိုလိုခြင်းဖြစ်သည်။

မည်သည့် အဏုမြူဓာတ်ပေါင်းဖိုများအတွက်မဆို ရာနှုန်းပြည့်လုံခြုံစိတ်ချရသော အာမခံချက်မျိုးမရှိနိုင်ပေ။ သို့ရာတွင် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ဘေးအန္တရာယ်များကို အောက်ပါနည်းလမ်းများဖြင့် လျှော့ချနိုင်သည်-

(က) ပုံစံထုတ်ရာတွင် အထူးကျွမ်းကျင်သော ပညာရှင်များဖြင့်သာ ဆောင်ရွက်ခြင်း၊
(ခ) မှားနိုင်ခြေရှိသည်များကို ကြိုတင်ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊
(ဂ) တည်ဆောက်မည့်နေရာကို ဂရုတစိုက်ရွေးချယ်သတ်မှတ်ခြင်း၊
(ဃ) တည်ဆောက်ဆဲကာလတစ်လျှောက်လုံးတွင် စေ့စေ့ငုငုသေချာစွာဂရုပြုခြင်း၊
(င) လည်ပတ်နေသည့် လုပ်ငန်းခွင်အတွင်း စဉ်ဆက်မပြတ် အထူးကြပ်မတ်ခြင်း၊
(စ) အရေးပေါ်အခြေအနေဖြစ်ပေါ်လာခဲ့လျှင် ဆောင်ရွက်ရမည့် အစီအမံများကို ကောင်းစွာ နားလည်သဘောပေါက်ခြင်း၊
(ဆ) ခွင့်ပြုမိန့်ချမှတ်ပေးရာတွင် တင်းကျပ်စွာ စိစစ်ခြင်း။



အဏုမြူစွမ်းအင်ဆိုင်ရာ လုပ်ငန်းစဉ်များမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲရာ၌လည်း အောက်ပါရည်ရွယ်ချက်သုံးရပ်ကို ထားရှိလုပ်ဆောင်ကြရမည်ဖြစ်သည်-

(က) အဏုမြူစွန့်ပစ်ပစ္စည်းများကို သင့်လျော်သော ပုံစံဖြင့်သိမ်းဆည်းထားရန်၊
(ခ) အဆင့်နိမ့် အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် အလယ်အလတ်အဆင့် အဏုမြူစွန့်ပစ်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းအောင်နည်းလမ်းတကျစွန့်ပစ်ရန်၊
(ဂ) အဆင့်မြင့် အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် သက်တမ်းနှစ် ၄၀ ကျော် အသုံးပြုထားပြီးဖြစ်သော အဏုမြူဓာတ်ပေါင်းဖိုကြီးများကို စွန့်ပစ်ရာတွင် အနာဂတ်လူသားမျိုးဆက်များအတွက် လက်သင့်မခံနိုင်သော အန္တရာယ်များမှ ကင်းရှင်းစေမည့် အစီအမံများဖြင့်သာ စနစ်တကျ စွန့်ပစ်ရန်၊ အဆင့်မြင့် အဏုမြူစွန့်ပစ်ပစ္စည်းများကို ယေဘုယျအားဖြင့် ပြုပြင်ရန်မလိုအပ်ဘဲ စနစ်တကျထုပ်ပိုးပြီး မြေကြီးနက်နက်ထဲ၌လည်းကောင်း၊ နက်ရှိုင်းသော ပင်လယ်များအတွင်း၌လည်းကောင်း စွန့်ပစ်နိုင်သည်။

သို့ရာတွင် အလယ်အလတ်အဆင့် အဏုမြူစွန့်ပစ်ပစ္စည်းအများစုကိုမူ ယင်းကဲ့သို့ တိုက်ရိုက်စွန့်ပစ်ရန်မသင့်ပေ။ ယင်းတို့ကို အင်္ဂတေ၊ ရေနံ၊ ကတ္တရာစေး၊ သစ်စေး၊ ထင်းရှူးဆီစသည်တို့နှင့် ပေါင်းစပ်ရောနှောပြီးမှသာ စွန့်ပစ်ရမည်ဖြစ်သည်။

အချို့သော အလယ်အလတ်အဆင့် အဏုမြူစွန့်ပစ်ပစ္စည်းများကို နက်ရှိုင်းသော ပင်လယ်ထဲ၌တိုက်ရိုက်စွန့်ပစ်နိုင်သော်လည်း အများစုကိုမူ အဏုမြူလုပ်ငန်းခွင်များအတွင်း၌ပင် သိမ်းဆည်းထားပြီး ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်နိုင်မည့် အကောင်းဆုံးသောနည်းလမ်းများရရှိသည့်အချိန်အထိ စောင့်ဆိုင်းရန်လိုအပ်သည်။

အဏုမြူစွမ်းအင်ကို ရယူသုံးစွဲနေကြသော နိုင်ငံအချို့တွင် အဏုမြူလောင်စာများကို တစ်ကျော့ပြန်သုံးစွဲနိုင်အောင် ပြန်လည်ပြုပြင်သည့် လုပ်ငန်းစဉ်မှထွက်ရှိလာသော အဆင့်မြင့်အဏုမြူစွန့်ပစ်ပစ္စည်းများကို အထူးစီမံတည်ဆောက်ထားသော အအေးခံတိုင်ကီများအတွင်း၌ ထည့်သွင်းသိမ်းဆည်းထားကြသည်။

အဆိုပါ အဆင့်မြင့်အဏုမြူစွန့်ပစ်ပစ္စည်းများကို ဖန်များနှင့်ပေါင်းစပ်ကာ ဖန်တုံးများအဖြစ် ပြုလုပ်၍ ယင်းတို့ကို ဆယ်စုနှစ်ပေါင်းများစွာ သိမ်းဆည်းအအေးခံပြီး စိတ်ချရသည့်အဆင့်ရောက်မှသာ စွန့်ပစ်ရန်ရည်ရွယ်လုပ်ဆောင်လျက်ရှိကြသည်။

အဆင့်နိမ့် အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် အလယ်အလတ်အဆင့် အဏုမြူစွန့်ပစ်ပစ္စည်းများမှာ အပူဓာတ်များစွာ ထုတ်လွှတ်မှုမရှိသောကြောင့် မလိုအပ်ဘဲအချိန်ကြာမြင့်စွာသိမ်းဆည်းထားခြင်းသည် နည်းပညာပိုင်းဆိုင်ရာအရ အကျိုးမရှိနိုင်ပေ။

အကယ်၍ မလိုအပ်ဘဲ ကာလကြာမြင့်စွာ သိမ်းဆည်းထားခြင်းအားဖြင့် အဏုမြူ စက်ရုံအလုပ်သမားများအား ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် သင့်ရောက်စေနိုင်သလို တစ်နေ့တခြား သိုလှောင်ထိန်းသိမ်းစရိတ်မြင့်မားလာမည်ဖြစ်သောကြောင့် စောစီးစွာစွန့်ပစ်ခြင်းအားဖြင့် ယင်းတို့ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပြီးပြည့်စုံသော ဘူမိဗေဒဆိုင်ရာ လေ့လာဆန်းစစ်မှုများကို လုပ်ဆောင်နိုင်ခြင်း မရှိသေးသည့်အတွက် အဆင့်နိမ့်အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် အလယ်အလတ်အဆင့် အဏုမြူစွန့်ပစ်ပစ္စည်းများကြောင့် လက်ရှိလူသားမျိုးနွယ်တို့နှင့် အနာဂတ်လူသားမျိုးဆက်သစ်တို့အတွက် ကျန်းမာရေးအရ ထိခိုက်နိုင်မည့် ဆိုးကျိုးများကို အနီးစပ်ဆုံးခန့်မှန်း၍ မရနိုင်သေးပေ။ အဘယ်ကြောင့်ဆိုသော် အဏုမြူစွန့်ပစ်ပစ္စည်းများတွင် ရှိနေသည့် ရေဒီယိုသတ္တိကြွနိုင်သော ဂုဏ်သတ္တိသည် နှစ်ကာလကြာရှည်စွာ မပျောက်ပျက်နိုင်သောကြောင့် ဖြစ်သည်။

အဏုမြူစွမ်းအင်ကို ထုတ်ယူသုံးစွဲနေကြသော နိုင်ငံများသည် အတိတ်ကာလနှင့် မျက်မှောက်ကာလများတွင် အဏုမြူပစ္စည်းအကြွင်းအကျန်များကို စွန့်ပစ်ခဲ့သည့် ပုံစံများပေါ်၌ စုံစမ်းမှုနှင့်လေ့လာသုံးသပ်မှုများကို ပြုလုပ်နေကြသလို တစ်ဖက်တွင်လည်း အန္တရာယ်ကင်းစွာ စွန့်ပစ်နိုင်မည့် ကုန်းမြေနေရာသစ်များကို ရှာဖွေလျက်ရှိနေကြသည်။

သို့ရာတွင် အဏုမြူအကြွင်းအကျန်ပစ္စည်းများကို အတိတ်ကာလနှင့် မျက်မှောက်ကာလနှစ်ခုစလုံးအတွက် ရေထဲသို့ သွားရောက်စွန့်ပစ်နေသည့်နေရာမှာ အရှေ့မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ပင်လယ်ပြင်ဖြစ်ပြီး ယင်းနေရာသည် အနီးကပ်ဆုံးရှိနေသည့် ကုန်းမြေများနှင့် အနည်းဆုံးကီလိုမီတာ ၆၀၀ ကွာဝေးသောနေရာလည်းဖြစ်သည်။

သို့ဖြစ်စေကာမူ အဏုမြူအညစ်အကြေးများကို ပင်လယ်ထဲသို့ စွန့်ပစ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းထိခိုက်မှုနှင့် ဘောဂဗေဒဆိုင်ရာထိခိုက်မှုများအပေါ် နိုင်ငံတကာက သုံးသပ် ထောက်ပြမှုများရှိနေသည့်အတွက် ပင်လယ်ထဲသို့ စွန့်ပစ်သည့်လုပ်ရပ်များကို ခေတ္တဆိုင်းငံ့ထားကြရသည်။

အဏုမြူအညစ်အကြေးများကို စွန့်ပစ်သည့် နည်းလမ်းများ၏ အနှစ်သာရမှာ ယင်းစွန့်ပစ်ပစ္စည်းများကို လူမှုပတ်ဝန်းကျင်နှင့် ကောင်းစွာလွတ်ကင်းသည့် သီးခြားကန့်သတ်ထားသော အဝန်းအဝိုင်း၌ဖြစ်သော်လည်း ရေဒီယိုသတ္တိကြွပစ္စည်းများ၏ စိမ့်ထွက်ပျံ့နှံ့လာနိုင်ခြေရှိနေခြင်းကမူ လူမှုပတ်ဝန်းကျင်ကို ပြန်လည်ခြိမ်းခြောက်လျက်ရှိနေသည်။

မြေမျက်နှာပြင်ပေါ်ရှိ စီးဆင်းနေသည့် ရေစီးကြောင်းများအတွင်းသို့ လည်းကောင်း၊ မြေအောက်၌ရှိနေသည့် ရေကြောများအတွင်းသို့ လည်းကောင်း၊ စိမ့်ထွက်ပျံ့နှံ့မှုများရှိနေခဲ့ပါက အဆိုပါရေများကို တူးဖော်ရယူ သုံးစွဲမိသူများအတွက် ကြီးမားသော အန္တရာယ်ကျရောက်လာနိုင်သည်။

ထို့ပြင် ချောင်းငယ်၊ မြောင်းငယ်များနှင့်မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့တွင် စီးဆင်းနေသော ရေများအတွင်းသို့ စိမ့်ထွက်ရောက်ရှိသွားခဲ့လျှင် ရေစီးကြောင်းများ၏ သယ်ဆောင်သွားမှုကြောင့် ဝဲယာဘေးနှစ်ဖက်ကုန်းမြေများပေါ်ရှိ ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများ ရောက်ရှိသွားနိုင်ခြေကလည်း ရှိနေသည်။

ယင်းသို့သော ဖြစ်နိုင်ခြေများကို အဘက်ဘက်က ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် စဉ်းစားပြီးမှ စွန့်ပစ်ရမည့်နေရာများကို ရွေးချယ်စွန့်ပစ်ခြင်းမျိုး ဖြစ်ခဲ့လျှင်မူ လူအများသုံးစွဲနေကြသည့် သောက်သုံးရေများ၊ ကောက်ပဲသီးနှံများနှင့် အစားအစာများတွင် ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများ ပါဝင်လာခဲ့လျှင်သော်မှ ယင်းသို့ပါဝင်နေသည့် ပမာဏမှာ အလွန်တရာ နည်းပါးလိမ့်မည်ဖြစ်သည်။

သို့ရာတွင် အဏုမြူအကြွင်းအကျန်ပစ္စည်းများကို စွန့်ပစ်မြှုပ်နှံခဲ့သော နေရာအတိအကျကို ဖော်ညွှန်းသော မြေပုံမှတ်တမ်းများကို ဆယ်စုနှစ်နှင့်ချီ၍သာမက ရာစုနှစ်နှင့်ချီ၍ပါ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး မျိုးဆက်သစ်များကို စနစ်တကျ လွှဲပြောင်းပေးခဲ့ရမည်ဖြစ်သည်။

ရတနာသိုက်နှင့် သတ္တုသိုက်များကဲ့သို့ တန်ဖိုးမဖြတ်နိုင်သောနေရာများ၏ မြေပုံအညွှန်းများလွဲချော်ပျောက်ဆုံးခဲ့လျှင် နှောင်းလူတို့အတွက် အကျိုးမရှိတော့သည့်တိုင် အန္တရာယ်တစ်စုံတစ်ရာလည်း ရှိနိုင်မည်မဟုတ်ပေ။ သို့သော် အဏုမြူစွန့်ပစ်ပစ္စည်းများမြှုပ်နှံထားသည့်နေရာကို အတိအကျမသိရှိကြတော့လျှင်မူ၊ အနာဂတ် မျိုးဆက်သစ်လူသားတို့အတွက် ခန့်မှန်းရန်ခက်ခဲသော ဘေးဥပါဒ်အန္တရာယ်များ ကျရောက်လာနိုင်ဖွယ်ရှိသည်။

**အဏုမြူ အညစ်အကြေးများကို ပင်လယ်ထဲသို့ စွန့်ပစ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုနှင့် ဘောဂဗေဒဆိုင်ရာ ထိခိုက်မှုများအပေါ် နိုင်ငံတကာက သုံးသပ်ထောက်ပြမှုများရှိနေသည့်အတွက် ပင်လယ်ထဲသို့ စွန့်ပစ်သည့် လုပ်ရပ်များကို ခေတ္တဆိုင်းငံ့ထားကြ**

## ဒေသဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

**ပဲခူး ဩဂုတ် ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တိုးတက်နေမှု သုံးသပ်ခြင်းနှင့် ရှေ့ဆက်ဖော်ဆောင်မည့်လုပ်ငန်းစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် နံနက်က ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီခန်းမ၌ကျင်းပရာ စမ်းရေဖောင်ဒေးရှင်းနာယက ဦးအောင်သိန်းက အမှာစကားပြောကြားပြီး Blue Moon Fund နှင့် Global Environmental Institute ၏ ထောက်ပံ့ကူညီမှုဖြင့် ကျောက်တံခါးမြို့နယ် သံပရာခုံကျေးရွာတွင် ရှေ့ပြေးအဖြစ် (Pilot Project) ကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်း၏ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် သစ်တောထိန်းသိမ်းမှု၊ ရာသီဥတုပြုပြင်ပြောင်းလဲမှုဆိုင်ရာများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဒေသခံတွေ ပြန်လည်ထူထောင်ရေးကိုသာ ဦးစားပေးကြပါ အလှူရှင်တွေ မပြည့်စုံတဲ့အခါ ဘုန်းတော်ကြီးတွေ ရင်ထဲမချိဘူး

**ကလေး ဩဂုတ် ၁၉**

ရေကြီးမှုကျဆင်းသွားသည်မှာ နှစ်ပတ်ခန့်ရှိပြီဖြစ်သော်လည်း ကလေးမြို့ ဝန်းကျင်ဒေသမှ သံဃာတော်များ သီတင်းသုံးနေထိုင်ရန်နှင့် ဆွမ်းကွမ်းအတွက် အခက်အခဲကျန်ရှိနေသေးကြောင်း ကလေးမြို့ပတ်ဝန်းကျင်ဒေသများရှိ ဘုန်းတော်ကြီးများထံမှ သိရသည်။

"ကလေးမြို့ပတ်ဝန်းကျင်မှာ ရေကြီးရေလျှံမှုကြောင့် ဘုရားပုထိုးပြိုကျတာမျိုး မရှိခဲ့ပေမယ့် ဝါဆိုခါနီး ရက်အနည်းငယ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ရေကြီးမှုကြောင့် ဒေသခံတွေနည်းတူ သံဃာတော်တွေမှာလည်း အခက်အခဲတွေ ဖြစ်ပေါ်ခဲ့ရတယ်။ နေထိုင်ဖို့အခက်အခဲက ပိုများနေပြီး ဆွမ်းကွမ်းအတွက်ကတော့ အလှူရှင်တွေကျေးဇူးကြောင့် အခက်အခဲအများကြီးမဖြစ်ခဲ့ပါဘူး"ဟု ကလေးမြို့ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တပုညသေဌက မိန့်ကြားသည်။

ကလေးမြို့ပတ်ဝန်းကျင် ကျေးရွာအများစုတွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၃၀ကျော်ရှိပြီး ကလေးမြို့ပေါ်တွင်လည်း ပရိယတ္တိစာသင်တိုက်များစွာရှိရာ ရေဘေးကြုံရသည့်အခါ ဒေသခံများနည်းတူ ဘုန်းတော်ကြီးကျောင်းများလည်း ရေလွှမ်းမိုးမှုဒဏ်ကိုခံစားခဲ့ကြရသည်။

"ရေဘေးကြုံရတဲ့အခါ ပထမဆုံးကယ်ဆယ်ရေးဆောင်ရွက်သူတွေဟာ သံဃာတော်တွေနဲ့ ဆွမ်းလောင်းအသင်းတွေဖြစ်ပါတယ်။ အခုချိန်ထိ ဘုန်းတော်ကြီးကျောင်းတွေမှာ လက်ခံထားတဲ့ ရေဘေးသင့်ပြည်သူများစွာ ရှိနေပါသေးတယ်။ အခုအချိန်မှာ ရေကျသွားပြီး အိမ်ပြန်နိုင်တဲ့ ဒေသခံတွေက အသီးသီးအိမ်ကိုပြန်သွားကြပေမယ့် အခုချိန်ထိ ဘုန်းကြီးတွေ ဆွမ်းရေးထက် ဒကာတွေ ဝမ်းရေးခက်ခဲတာကို နားလည်တဲ့အတွက် ဆွမ်းခံမကြွဘဲ အလှူရှင်တွေ လှူဒါန်းမှုနဲ့သာ ဆက်လက်ရပ်တည်နေကြပါတယ်"ဟု ဆရာတော်ကြီးက မိန့်သည်။

သာသနာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သံဃာအရေအတွက်များပြားသည့် ကလေးမြို့ပတ်ဝန်းကျင် ဒေသများမှ ရဟန်း သံဃာတော်များ ပစ္စည်းလေးပါး လိုအပ်ချက်ကို ရေကြီးသည့် ကာလအတွင်းမှာပင် စာရင်းဇယားများပြုစုကာ သံဃာတော်များအတွက် လိုအပ်သည့် ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်းနှင့် ဆွမ်းဆန်များကို တာဝန်ရှိသူများက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကလေးမြို့တွင် သဖန်းအိုင်၊ အောင်မြင်သာ၊ မော်လိုက်၊ ပြင်သာ၊ တောင်ဦး၊ မြို့သာ၊ ရေလဲဦး၊ ပေါက်ခုံ၊ ဥယျာဉ်၊ ကင်ပွန်းခြုံ၊ ပေါက်တော၊ ထိုမာနှင့် နတ်နန်းရွာတို့မှာ ရေဘေးအများအပြား ကြုံတွေ့ခဲ့ရပြီး ထိုရွာများရှိ ဘုန်းတော်ကြီးကျောင်းများသည်လည်း ရေဘေးသင့်မှုကြောင့် ပြန်လည်သီတင်းသုံးနေထိုင်ရန် အခက်အခဲများ ကြုံနေရသည်။

"ဒေသခံတွေရဲ့ အခက်အခဲကို စာနာတဲ့အတွက် ပုံမှန်တန်းဆွမ်းခံကြွပြီး အလှူခံတာတွေကိုလည်း သံဃာတော်တွေက မလုပ်ဆောင်ကြပါဘူး။ ဒေသခံ ဒါယကာ၊ ဒါယိကာမတွေကိုလည်း လောကသည် ကိုယ်ဖြစ်ချင်တာမဖြစ်တဲ့အတွက် ဖြစ်လာတာတွေကို ဒေါသမဖြစ်ကြပါနဲ့။ ဖြစ်လာတဲ့အပေါ်မှာ အကောင်းဆုံးလုပ်ဆောင်ကြဖို့လိုပါတယ်။ အရင်က လယ်သမားတွေဟာ အခု ယာသမားအဖြစ် ရေမြေသဘာဝအရ ပြောင်းလဲ



သင့်ရင် ပြောင်းဖို့အတွက် ကြိုးစားရုန်းကန်ကြစေလိုပါတယ်။ ရေရှည်မှာ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်ကြရမှာ။ မိမိသည်သာ အားကိုးရာအဖြစ် သတ်မှတ်ပြီး အနာဂတ်အတွက် အမြော်အမြင်ကြီးစွာ နေထိုင်ကြဖို့ မှာကြားလိုတယ်" ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ကလေးမြို့ပေါ်တွင် သံဃာတော် ၆၀၀နီးပါးခန့်ရှိပြီး ဒေသတစ်ဝိုက် စုစုပေါင်း သံဃာတော်အပါး ၁၁၀၀ ကျော်ရှိသည်။ ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သံဃာတော်များကလည်း တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်နေကြကြောင်း သိရသည်။ **သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**



## ငွေကျပ်သန်း ၃၈၃၀ ကျော် အကုန်အကျခံပြန်လည်ပြုပြင်၍ မီးရထားလမ်းပိုင်းများ ဆန်းသစ်စေမည်

**ရန်ကုန် ဩဂုတ် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရထားလမ်းပိုင်းများ ပျက်စီးဆုံးရှုံးမှုကို အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သန်း ၃၈၃၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရထားလမ်းပိုင်းများ ပျက်စီးမှုကြောင့် ဆုံးရှုံးမှု ငွေပမာဏတန်ဖိုးမှာ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၃၃၀ ရှိပြီး ရထားလမ်းပိုင်းများ ယာယီပြန်လည် ဖွင့်လှစ်ရန်အတွက် ပြန်လည်ပြုပြင် ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၉၀၀ ကုန်ကျမည်ဖြစ်သည်။

မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာမှ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုးက " ရထားလမ်းပိုင်းများ ပြန်လည်တည်ဆောက်ဖို့ အောက်တိုဘာလလောက်မှာ တင်ဒါခေါ်ယူသွားဖို့ရှိပြီး လက်ရှိဘဏ္ဍာရေးနှစ်မှာ အလုပ်လုပ်ချိန်က နောက်ထပ်ခြောက်လပဲကျန်တော့တယ်။ ပြုပြင်တည်ဆောက်ဖို့အတွက် နိုင်ငံတော်ကိုလည်း တင်ပြထားပါတယ်။နိုင်ငံတော်ရဲ့ခွင့်ပြုချက်အပေါ်မူတည်ပြီး ရရှိတဲ့အပေါ် ပုံစံဒီဇိုင်းရေးဆွဲမယ်။ ပြီးရင် အရေးကြီး ရထားလမ်းပိုင်းများကို ပြုပြင်ဆောင်ရွက်သွားမှာပါ" ဟု ပြောကြားသည်။

မကြာသေးမီက ပျက်စီးဆုံးရှုံးခဲ့ရသော ရထားလမ်းပိုင်းဖြစ်သည့် ရှမ်းပြည်နယ်ရှိ သီပေါတံတားမှာ ပြန်လည် ပြုပြင်ပြီးစီးသွားသောကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်က ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကူနီ-ရေဦး-ခင်ဦး ရထားလမ်းပိုင်းမှာ အလားတူ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဖွင့်လှစ်ရန်ကျန်ရှိနေသေးသည့် အဆိုးရွားဆုံးဖြစ်ခဲ့သော ကလေး-ဂန့်ဂေါလမ်းပိုင်း၊ ကြံခင်း-ပခုက္ကူ လမ်းပိုင်းရှိ ပွင့်ဖြူမြို့နယ်နှင့် မုန်းချောင်းတံတားတို့မှာ ရေမကျသေးသောကြောင့် ပြုပြင်ဆောင်ရွက်နိုင်ခြင်း မရှိသေးဟု သိရသည်။ **စိုးဝင်း-SP**

## တောင်သူပညာပေး ကွင်းသရုပ်ပြပွဲနှင့် အသိပညာပေးဆွေးနွေး

**အိမ်မဲ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲနှင့် အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ဒုတိယပတ်က ကံကြီးဒေါင့်ကျေးရွာအုပ်စု သာကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြောင်းမြခရိုင်စက်မှု သီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနဦးစီးမှူးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရည်မှန်းချက်သုံးရပ်ကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **နေဦး(အိမ်မဲ)**

**နည်းပညာသစ်**

## ကတ်နှစ်ကတ်သုံး Glaxy Note-5 ပြည်တွင်းမှာပင် ဝယ်ယူနိုင်မည်

**ရန်ကုန် ဩဂုတ် ၁၉**

ဆင်းကတ်များ ဈေးနှုန်းသက်သာလာသဖြင့် ပြည်ပနာမည်ကျော် မိုဘိုင်းကုန်အမှတ်တံဆိပ်များသည် ပြည်တွင်းဈေးကွက်ရရှိရန် ပြိုင်ဆိုင်မှုပြင်းထန်လာချိန်တွင် မိုဘိုင်းဈေးကွက်ဦးဆောင် အမှတ်တံဆိပ် ဆမ်ဆောင်းမှ ဂလက်ဇီနုတ်ဖိုက်ကို ဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် မိတ်ဆက်ဖြန့်ဖြူးကာ ဈေးကွက်နေရာရယူရန် ကြိုးပမ်းလာကြောင်း မြင်တွေ့ရသည်။

၂၀၁၁ မှ စတင်ကာ ဂလက်ဇီစီးရီး မိုဘိုင်းနည်းပညာထုတ်ကုန်များသည် မြန်မာစာသုံးစွဲသူများအကြား ခေတ်စားလာခဲ့ပြီး ယခုအခါ ဂလက်ဇီနုတ် နောက်ဆုံးမျိုးဆက် စမတ်ဖုန်းအသစ်သည် မြန်မာစာသုံးစွဲသူများအတွက် နည်းပညာအပြင် ကတ်နှစ်ကတ် ထည့်သွင်းသုံးနိုင်ရန်ပါ ဆောင်ရွက်ထားခြင်းဖြင့် ဆက်သွယ်ရေးနည်းပညာမြင့်မားမှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ဆမ်ဆောင်း မြန်မာ၏ မန်နေးဂျင်းဒါရိုက်တာ နန်ဆစ်အန်းက ပြောကြားသည်။

ယခုနောက်ပိုင်းတွင် ပြည်တွင်းအသုံးပြုသူများသည် လက်တစ်ဖက်တည်းဖြင့် အသုံးပြုနိုင်မည့် အခြေအနေကို ပိုမိုစိတ်ဝင်စားလာကြကြောင်း သုံးစွဲသူများ၏ စစ်တမ်းအရ သိရှိရသည်။

ဂလက်ဇီနုတ်ဖိုက်ကို ဩဂုတ် ၁၇ ရက်တွင် စတင်မိတ်ဆက်ခဲ့ပြီး ဂလက်ဇီ၏ ငါးဆက်မြောက် နည်းပညာလည်းဖြစ်ခြင်းကြောင့် သုံးစွဲသူများ



အတွက် နောက်ဆုံးပေါ် အသုံးအဆောင်ကို ပြည်တွင်းမှာပင် အချိန်မဆိုင်း ဝယ်ယူနိုင်မည်ဖြစ်ပြီး ထူးခြားချက်များထဲမှ ကြိုးမဲ့အားသွင်းစနစ်သည် နှစ်နာရီအတွင်း ရာနှုန်းပြည့်အားကိုရရှိစေပြီး ဩဂုတ် ၂၃ရက်မှစတင်ကာ ငွေကျပ် ၈သိန်း ၈သောင်းဖြင့် ဖြန့်ဖြူးမည်ဖြစ်ကြောင်း သိရသည်။ **သွန်းဝသန်**

## ချောင်းဦးမြို့နယ်၌ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်း ဆင်းပွဲကျင်းပ

**ချောင်းဦး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာဘုရားကြီးကျောင်းတိုက်၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ကြီးမှူးဖွင့်လှစ်သော (၁၈၅)ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်းပွဲကို ဩဂုတ် ၁၇ရက် ညနေ ၄ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ချောင်းဦးမြို့ မဟာဓမ္မာရုံကျောင်းတိုက်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝရသမောခ္ခိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗဟိုဓမ္မစကူးလ်ဖောင်ဒေးရှင်း နာယက စစ်ကိုင်းတိုင်းဒေသလုံးဆိုင်ရာ ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကင်းဆရာတော် ဘဒ္ဒန္တပညာဝံသက ဩဝါဒချီးမြှင့်သည်။

ထို့နောက် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး (၁၈၅)ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကာ နည်းပြဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာတွင် ဖွင့်လှစ်သည့် (၁၈၅)ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းသို့ ချောင်းဦး၊ မုံရွာ၊ မြင်းမူ၊ ဘုတလင်၊ ဆားလင်းကြီး၊ အရာတော်နှင့် အင်းတော်မြို့နယ်များမှ ဆရာဖြစ်သင်တန်းသား ၆၀နှင့် လာရောက်လေ့လာသူ ၆၀ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲကာလအတွက် အထူးရဲနည်းပြသင်တန်း မြစ်ကြီးနားမြို့နယ်၌ဖွင့်

**မြစ်ကြီးနား ဩဂုတ် ၁၉**

၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကာလအတွင်း ကချင်ပြည်နယ်ရှိ မဲရုံ ၈၁၉ ရုံ၌ အထူးရဲတပ်ဖွဲ့ဝင်များအဖြစ် လုံခြုံရေးဆောင်ရွက် တာဝန်ယူကြမည့်သူများအား လေ့ကျင့်ပေးနိုင်ရန်အတွက် အထူးရဲနည်းပြသင်တန်းကို ဩဂုတ် ၁၇ ရက်က မြစ်ကြီးနားမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ရွေးကောက်ပွဲ ကာလဟာ တစ်နိုင်ငံလုံးအတွက် အရေးကြီးတဲ့ ကာလတစ်ခုဖြစ်ပြီး နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရေးနဲ့ မဲရုံများရဲ့ လုံခြုံရေး၊ မဲများစနစ်တကျ တွက်ချက်နိုင်ရေးနဲ့ အခြားအထွေထွေလုံခြုံမှုတွေအတွက် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ရော ဌာနဆိုင်ရာအနေနဲ့ပါ တာဝန်ရှိပါတယ်။ အားလုံး စနစ်တကျနဲ့ တာဝန် ထမ်းဆောင်နိုင်ဖို့အတွက် အထူးရဲ နည်းပြသင်တန်းကနေ အတွေ့အကြုံကောင်းတွေ ရရှိမှာပါ"ဟု ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ချစ်ဦးက ပြောကြားသည်။ သင်တန်းသို့ တပ်ဖွဲ့ဝင် ၄၄ ဦး တက်ရောက်ကြောင်း သိရသည်။ **ဝင်းအောင်(မိုးကောင်း)**

# ရေချိုချောင်းလမ်းပိုင်း ပြုပြင်ပေး၍ ခရီးသွားပြည်သူများ အဆင်ပြေ



**မလှိုင် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မလှိုင်-မိတ္ထီလာ သွားလမ်းပိုင်းမိုင်တိုင်အမှတ်(၁/၁၂) အနီးရှိ သင်ပုန်းချောင်း(ခ) ရေချိုချောင်းသည် ရှေးနှစ်ပေါင်းများစွာ ကတည်းကတည်ရှိနေခဲ့ပြီး ယခုအခါ ချောင်းလမ်းပိုင်းသည် ပျက်စီးယိုယွင်းနေသောကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဆိုသလို ဖြစ်ပွားသဖြင့် သက်ဆိုင်ရာက ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

ရေချိုချောင်း(ရေကျော်) လမ်းပိုင်းကို ဇူလိုင် ၃ ရက်မှ စတင်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် ပြီးစီးခဲ့ပြီဖြစ်သည်။ လမ်းအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အလျားပေ ၂၈၀၊ အနံပေ ၂၀၊ ထုကိုးလက်မရှိကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းကို ပြန်လည်ပြုပြင်ပေးခြင်းကြောင့် ခရီးသွားပြည်သူများနှင့်ဒေသခံများမှာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး အပ်ချုပ်သင်တန်းဖွင့်

**သီပေါ ဩဂုတ် ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်က ရွှေကျောင်းရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ကျေးလက်ဒေသကိုအခြေပြု၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က ယခုကဲ့သို့ ကျေးလက်ဒေသနေ တိုင်းရင်းသူလေးများကို အသက်မွေးဝမ်းကျောင်း သင်ကြားနိုင်ရေးအတွက် စက်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးသော ဝန်ကြီးဌာနကို ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားကြသည်။

အဆိုပါ အပ်ချုပ်စက်သင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ ကျောင်းပြိန်း၊ စံဖိတ်၊ လောင်ခွန်၊ ဘော်ကြို၊ ဟိုမော်၊ ဆားတွင်း၊ ကျင်သီ၊ ကြံခင်း၊ မိုးတော၊ ကွန်စံလိတ်၊ ဆွန်လန်း၊ ဆင်ပိုင်း၊ တိန်းချေတိန်းစံနှင့် ရွာသစ်ကျေးရွာအုပ်စုတို့မှ ဒေသခံတိုင်းရင်းသူ ၅၀ တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

**ဖရူဆို ဩဂုတ် ၁၉**

ကယားပြည်နယ် ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောခူခူကျေးရွာ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး သင်တန်း( ၅/၂၀၁၅) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

သင်တန်းကို ဇူလိုင် ၂၆ ရက်က စတင်ဖွင့်လှစ်ပေးခဲ့ရာ မြို့မကျေးရွာအုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ခန့် တက်ရောက်ကြပြီး သင်တန်းနည်းပြများအဖြစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဒုတိယဦးစီးမှူးများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးဒေးဖဲနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးပိုင်နှင့် ဒုတိယဦးစီးမှူးများ၊ ဒေသခံရပ်မိရပ်ဖများ၊ကျေးလက်လူငယ် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**ဦးကျော်( ဖရူဆို)**

# မှျစ်ချိုးသူများ ဝေးလံစွာသွားရောက်၍ ရှာဖွေနေရသော်လည်း ဈေးကောင်းမရ

**နေပြည်တော် ဩဂုတ် ၁၉**

ယခုနှစ်မိုးရာသီတွင် နေပြည်တော်ကောင်စီနယ်မြေနှင့် အနီးတစ်ဝိုက် တောင်တန်းများပေါ်တွင် မျှစ်ရှာမျှစ်ချိုးသူများအနေဖြင့် ပိုမိုဝေးလံစွာသွားရောက်၍ မျှစ်များရှာဖွေနေရသော်လည်း ဒိုင်သွင်းဈေးမှာ မနှစ်ကထက် လျော့နည်းကြောင်း သိရသည်။

ယမန်နှစ်က တောင်ပေါ်တွင် ဒိုင်သွင်းဈေးမှာ မျှစ်အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀ မှ ၃၀၀၊ တောင်အောက်တွင် ငွေကျပ် ၂၀၀ မှ ၃၅၀ထိ ဈေးရသော်လည်း ယခုနှစ်တွင် တောင်ပေါ်တွင် သွင်းပါက ငွေကျပ် ၁၅၀ မှ ၂၅၀ နှင့် ဒိုင်တွင် ငွေကျပ် ၂၀၀ မှ ၃၀၀ ဈေးသာရရှိကြောင်း သိရသည်။ မျှစ်ရှာထွက်သူမှာ နှစ်ဦးသုံးဦးပေါင်း၍ ဆိုင်ကယ်နှစ်စီးသုံးစီးနှင့် တောင်ခြေမှ မိုင် ၃၀၊ ၄၀ အကွာအဝေးအထိ သွားရောက်ရှာဖွေရကြောင်း၊ အခြေအနေလိုက်၍ တစ်ဦးလျှင် ပိဿာချိန် ၃၀၊ ၄၀ မှ ၁၅၀၊ ၂၀၀ အထိ ရနိုင်ကြောင်း သိရသည်။ ဒိုင်များက ဝယ်ယူစုဆောင်းရရှိသည့်မျှစ်များကို ဆားစိမ်ခြင်းနှင့် မျှစ်ချဉ်များပြုလုပ်၍ ဈေး တက်ချိန်တွင် ပြန်လည်ရောင်းချပြီး လက်လီလက်ကား ဖြန့်ဖြူးခြင်းများ ပြုလုပ်သည်။ လှောင်လက်တစ်ဦးလျှင် ကုန်ချိန်ပိဿာငါးထောင်မှ နှစ်သောင်း၊ သုံးသောင်းထိ လှောင်၍ ဝယ်ရောင်းကြကြောင်း သိရသည်။

နေပြည်တော် ပင်လောင်းလမ်းတစ်လျှောက် တောင်ခြေရွာများနှင့် နေပြည်တော်ခရိုင် ပတ်လမ်းရေနီအထိ တောင်ကြောတောင်တန်းများတွင် မျှစ်ရှာသူများနှင့် မျှစ်ဝယ်သူများ သက်ဝင်လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

**ကိုကိုနေ**



# ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် အဝတ်အထည်များလှူဒါန်း

**လွယ်ဂျယ် ဩဂုတ် ၁၉**

မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ မေတ္တာမွန်နာရေးကူညီမှုအသင်းက ဦးဆောင်၍ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့နိုင်ရန် အလှူခံဌာနများဖွင့်လှစ်ခဲ့ရာ ဒေသခံတိုင်းရင်းသားလူမျိုးများ၊ ခရီးသွားပြည်သူများ၊ ဌာနပေါင်းစုံမှ မိသားစုများက ကရုဏာစေတနာထက်သန်စွာဖြင့် ပူးပေါင်းပါဝင်လှူဒါန်းခဲ့ကြရာ ငွေကျပ်သိန်း ၁၀၀၊ သက်န်းဒွိစုံ ၉၀၊ ဆေး/စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းသိန်း ၅၀ ဖိုး၊ စောင်နှင့်အဝတ်အထည်များ လက်ခံရရှိခဲ့သည်။

၄င်းအလှူငွေများနှင့် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို တာဝန်ရှိသူများက ခင်နှင်းကြည်သာ တစ်ကိုယ်တော်ပရဟိတလူမှုကူညီရေးကွန်ရက်နှင့် ဦးဇော်နိုင် လူမှုကူညီရေးကွန်ရက်များမှတစ်ဆင့် ရေဘေးသင့်ပြည်သူများထံသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# သိပ္ပံနည်းကျ ပေါင်ဖြင့်ပျိုးထောင်ခြင်း သရုပ်ပြ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၉**

၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးသိပ္ပံနည်းကျပေါင်ဖြင့် ပျိုးထောင်ခြင်း တောင်သူနည်းပညာပေးပြသခြင်းကို ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြို့မကျေးရွာအုပ်စုအမှတ်(၂) ရပ်ကွက် စိုက်ပျိုးရေးဝင်းအတွင်း ကွင်းအမှတ်(၂) ဦးပိုင်(၂၁)၌ ကျင်းပသည်။

ယင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်လွင်က သိပ္ပံနည်းကျပေါင်ဖြင့် ပျိုးထောင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများကို သိပ္ပံနည်းကျပေါင်ဖြင့် ပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြ နည်းပညာပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# မိုးကြိုနှမ်းများ ယခင်နှစ်ကထက် အထွက်နှုန်းကျဆင်း

**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သန်းတောကုန်း၊ မကြီးကန်နှင့် ပုထိုးစမ်းကျေးရွာများအပြင် သပြေစမ်း၊ လျှောင်းတော်ဦးကျေးရွာများတွင် သုံးပတ်ခန့် မိုးရွာသွန်းမှုများလွန်းခဲ့သဖြင့် နှမ်းအထွက်နှုန်း ယခင်နှစ်ကထက်ကျဆင်းခဲ့ကြောင်း ပုထိုးစမ်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ကျေးရွာတွေ ယခုနှစ်နှမ်းအထွက်နှုန်းက မနှစ်ကထက်တော်တော်လေး အထွက်နည်းတယ်။ မနှစ်က နှမ်းတစ်ဧကကို ၁၈ တင်းကနေ ၂၀ ကျော်အထိရကြတယ်။ နှမ်းက အပွင့်အဖူးမြိုင်မြိုင်လိုက်ချိန်နဲ့ အသီးအောင်ချိန်တို့မှာ မိုးရွာမှ အထွက်နှုန်းကောင်းတယ်။

မိုးရွာလွန်းရင်လည်း နှမ်းစိုက်တောင်သူတွေ အထွက်ကျဆင်းတာနဲ့ ကြုံရပြန်တယ်။ မြေပဲက မိုးများလွန်းလည်း အမှားခံတယ်။ ကျွန်တော်တို့ဒေသဘက်မှာ နှမ်းအဖြူ၊ အနီနဲ့အနက်ဆိုပြီး သုံးမျိုးစလုံးစိုက်ပျိုးကြတယ်။ အဓိကအချိန် မိုးပြတ်ပြီး နှမ်းထောင်ချိန်ကြမှ မိုးရွာတော့ နှမ်းခါချိန်မှာလည်း အလုပ်အကိုင်ပျက်ကြတယ်”ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ထို့ကြောင့် ယခုနှစ်တွင် မိုးရွာသွန်းမှုနောက်ကျခြင်း၊ နှမ်းထောင်ချိန်နှမ်းခါချိန်များ၌ မိုးရွာသွန်းမှုများခြင်းတို့ကြောင့် စပါးများနှမ်းများအပြင် အခြားသီးနှံများလည်း အပျက်အစီးအဆုံးအရှုံးများခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ရှင်**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ပျက်စီးတံတားများ ပြုပြင်ပြီးစီးသဖြင့် မန္တလေး-မြစ်ကြီးနားရထားများ ပြန်လည်ပြေးဆွဲ

**ကန့်ဘလူ ဩဂုတ် ၁၉**

ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် ကန့်ဘလူမြို့နယ် ကံကြီးဘူတာနှင့် ဇော်ချောင်းဘူတာကြား မန္တလေး-မြစ်ကြီးနားရထားလမ်းပေါ်ရှိ တံတားနှစ်စင်းပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ပြီးစီးသဖြင့် ဩဂုတ် ၁၇ ရက်မှစ၍ ရထားများ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ရေကြီးမှုကြောင့် ကန့်ဘလူမြို့နယ် ကံကြီးဘူတာနှင့် ဇော်ချောင်းဘူတာကြားရှိ တံတားအမှတ် (၂၈၁)နှင့် (၂၈၂)မှာ ဇူလိုင်လကုန်ပိုင်းမှစ၍ ထိခိုက်ပျက်စီးခဲ့ပြီး မန္တလေး-မြစ်ကြီးနား ရထားလမ်းပြတ်တောက်ခဲ့ရာ တိုင်း(၂) မီးရထား(ရွာထောင်)မှ တိုင်းအင်ဂျင်နီယာ ဦးမင်းသိန်းစိုးနှင့်အဖွဲ့က ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၂၉ရက်မှစ၍ တံတားအမှတ်(၂၈၂)၏ မြစ်ကြီးနားဘက်ခြမ်း ပေ ၂၀၀ တာပေါင်ပျက်စီးမှုကို မြေဖို့ပြီး ဇလီဖားထပ်ခွေဆောင်ရွက်ကာ ပေ ၂၀ သံပေါင်ပျက်စီးမှုကိုလည်း ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။ တံတားအမှတ်(၂၈၁)၏ မန္တလေးဘက်ခြမ်း တာပေါင်ပေ ၈၀ ခန့် ပျက်စီးမှုကိုလည်း မြေဖို့ခဲ့ပြီး ပေ ၆၀ ဘေလီနှင့် ဇလီဖားထပ်ခွေ ပြုပြင်ပြီးဖြစ်ကြောင်းနှင့် မြစ်ကြီးနားဘက်ခြမ်း ပေ ၁၂၀ ပျက်စီးမှုကိုလည်း ကျောက်ကြီးချလျက် ဘေလီထိုးကာ ပြုပြင်ခဲ့ခြင်းဖြစ်သည်။

ပျက်စီးခဲ့သော တံတားအမှတ်(၂၈၁)နှင့် (၂၈၂)တို့ ပြုပြင်မှုများကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြီးစီးခဲ့သဖြင့် ပြတ်တောက်နေသော မီးရထားလမ်းကြောင်း ပြန်ပွင့်သွားခဲ့ပြီး ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီမှစတင်ကာ မန္တလေး-မြစ်ကြီးနားရထားများ ပြန်လည်ပြေးဆွဲလျက်ရှိသည်။ မန္တလေး-မြစ်ကြီးနား ရထားလမ်းပြန်ပွင့်ပြီး ရထားပြန်လည်ပြေးဆွဲနိုင်မှုကြောင့် မီးရထားစီးခရီးသွားပြည်သူများနှင့် ကုန်သည်များ၏ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေး ပြန်လည်လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



**ကလေး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စုပေါင်း ၅၅၄၅ စု၊ လူဦးရေ ၁၇၃၄၅ ဦးကို မြို့ပေါ်နှင့် ကျေးရွာရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၂၈ ခုသို့ နေရာချပေးခဲ့ရာ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး စသည်ဖြင့် ရေဘေးပြန်လည်ထူထောင်ရေး ကွပ်ကဲမှုရုံးများက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ရေးကအစ ကျန်းမာရေးပါ ထောက်ပံ့ကူညီလျက်ရှိသည့်အပြင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း သုတ/ရသစာအုပ်စာစောင်များ ဖြန့်ဝေပေးခြင်း၊ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားသည်မှအစ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ ဖြစ်စဉ်အားလုံးကို အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်ပေးခြင်း၊ Sky Net ရုပ်သံလိုင်းကလည်း ဖျော်ဖြေပေးခြင်း၊ အနုပညာရှင်များကလည်း စိတ်ဓာတ်မြှင့်တင်ရေးအတွက် အားပေးဖျော်ဖြေနှစ်သိမ့်ခြင်း၊ ဒေသခံတာဝန်ရှိသူများကလည်း အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးသည့်အပြင် နိုင်ငံတော်ကလည်း ရေဘေးသင့်အိမ်ထောင်စုတိုင်းကို ငွေနှင့် ဆန်စသည့်အခြားထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**ဂျူးနိုင်း**

# မန္တလေးဆေးတက္ကသိုလ်မှ ကျောင်းသားများက ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းဆေးဝါးကုသ

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၉**

ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် မြတ်ပါရမီသွေးလှူရှင်များအသင်းတို့၏ အစီအစဉ်ဖြင့် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့် ကျေးရွာများမှ ပြည်သူများအား မန္တလေးဆေးတက္ကသိုလ်မှ ကျောင်းသားများက ဩဂုတ် ၁၇ ရက်က အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

ဒေါက်တာခန့်ညားလွင်ဦးဆောင်၍ မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသားကိုးဦး ပါဝင်သောအဖွဲ့က ဆင်ပေါင်ဝဲမြို့နယ်မှ ရေကြီးရေလျှံဖြစ်ပွားသည့် ကျေးရွာတစ်ခုဖြစ်သော အင်းမကျေးရွာ၌ လူနာ ၁၅၀ ကို ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကာ အထွေထွေရောဂါများကို ကုသပေးပြီး အသက် ၉၀ ကျော် အဘိုး အဘွားလေးဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ စီ ကန်တော့ခဲ့ကြောင်း သိရသည်။

မန္တလေးဆေးတက္ကသိုလ်မှ ကထိက ဒေါက်တာဝင်းကျော်သူ ဦးဆောင်သည့် ဆေးကျောင်းသား ကျောင်းသူ ရှစ်ဦးပါဝင်သော အဖွဲ့ကလည်း ကျောက်ချက်ကျေးရွာ၌ ဒေသခံပြည်သူ ၆၈ ဦးအား ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးကုသပေးခဲ့သည်။ ဒေါက်တာဇင်မင်းဦး ဦးဆောင်သည့် ဆေးကျောင်းသားကျောင်းသူ ၁၀ ဦးပါဝင်သော အဖွဲ့ကလည်း လက်ပန်ငူကျေးရွာမှ ဒေသခံပြည်သူ ၁၃၂ ဦးအား ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မန္တလေးဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဆယ်အိမ်မှူးများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒဂုံစင်တာ၌ ရေဘေးအလှူဓာတ်ပုံအရောင်းပြပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်မြို့ မြေနီကုန်း ဒဂုံစင်တာ(၂)၌ ရေဘေးအလှူ ဓာတ်ပုံအရောင်းပြပွဲကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကကြီးမှူး၍ ဩဂုတ် ၁၇ ရက်မှ ၁၉ ရက် အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများအတွက် မိမိတို့တတ်ကျွမ်းသော ဓာတ်ပုံအနုပညာဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ဖြည့်ဆည်း ပေးရန်အတွက် ဓာတ်ပုံအရောင်းပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဝင်များက မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ရိုက်ကူးခဲ့သော အကောင်းဆုံးပုံများကို (၁၂ × ၁၈) လက်မအရွယ်အထိ ကူးချဲ့ပြသခဲ့ပြီး ဓာတ်ပုံတစ်ပုံလျှင် အထူးနှုန်းငွေကျပ်သုံးသောင်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။



ပြပွဲအတွက် ပုံလှူသူဦးရေ ၁၅၄ ဦးရှိပြီး ဓာတ်ပုံပေါင်း ၃၅၄ ပုံကို ပါဝင်ပြသခဲ့ကာ ပြပွဲဖြစ်မြောက်ရေးအတွက် ဒဂုံစင်တာ(၂)၊ PKPS (Booth Decoration)၊ J'Donuts နှင့် Tet Nay Win (Photo & Video)တို့က ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ပြပွဲတွင် ဓာတ်ပုံများရောင်းချရငွေအားလုံးကို ရေဘေးသင့်ဒေသများမှ ပြည်သူများအား လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြင့်သန်း(လမ်းမတော်)**

# တူးမြောင်းအတွင်း ငါးဖမ်းသူများအား ပညာပေး

**ပေါင်း ဩဂုတ် ၁၉**

မွန်ပြည်နယ် ပေါင်မြို့ ကဒါရပ်ကွက်ရှိ တောင်သူများကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော တူးမြောင်းအတွင်း ငါးလုပ်ငန်းဦးစီးဌာန၏ တရားမဝင်ငါးဖမ်းလိုင်စင်မရှိဘဲ ငါးဖမ်းသူများနှင့် လိုင်စင်ရှိငါးဖမ်းသူများအား တူးမြောင်းအတွင်း ငါးဖမ်းခြင်းမပြုရန်နှင့် ဆက်လက်လုပ်ကိုင်ပါက အရေးယူသွားမည်ဖြစ်ကြောင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ကဒါရပ်ကွက်ရှိ တူးမြောင်းကို ရပ်ကွက်အတွင်း ရေနက်လယ်မြေများ၌ မိုးစပါးစိုက်ပျိုးသော တောင်သူများက မိုးစပါးစိုက်ပျိုးရန်အတွက် တူးဖော်ထားခဲ့ခြင်းဖြစ်သည်။ အဆိုပါတူးမြောင်းအတွင်း ငါးလုပ်ငန်းဦးစီးဌာန၏ တရားဝင်ငါးဖမ်းလိုင်စင်မရှိသူများက ဒိုင်းဝန်းနှင့် ကျားပိုက်များအသုံးပြု၍ တူးမြောင်းကို ပိတ်ဆို့ကာ စီးပွားဖြစ်ငါးဖမ်းနေကြခြင်းကြောင့် တောင်သူများစိုက်ပျိုးထားသော စပါးခင်းများမှာ ရေနစ်မြုပ်ပျက်စီးမှုများ အကြိမ်ကြိမ်ဖြစ်နေသည့်အတွက် တောင်သူလယ်သမားများက ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ပြည်နယ်အစိုးရအဖွဲ့အထိ တင်ပြခဲ့ကြောင်း သိရသည်။

ထို့ကြောင့် သထုံခရိုင်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ အဖွဲ့ဝင်များက တူးမြောင်းတစ်လျှောက် ကျားပိုက်ထောင်နေသည့် နေရာများနှင့် တူးမြောင်းပိတ်ဆို့ငါးဖမ်းမှုကြောင့် ပျက်စီးနေသော လယ်ယာမြေများ၊ စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ငါးလုပ်ငန်းလိုင်စင်ရှိသူများနှင့် လိုင်စင်မဲ့တရားမဝင်ငါးဖမ်းသူများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ခေါ်ယူတွေ့ဆုံခဲ့ပြီး လိုင်စင်ဖြင့်ငါးဖမ်းသူများအတွက် အခြားသင့်တော်သော ငါးဖမ်းနေရာများကို သတ်မှတ်ပေးခဲ့သည်။ လိုင်စင်မရှိဘဲ ငါးဖမ်းနေသူများအား ဆက်လက်လုပ်ကိုင်ကြခြင်း မပြုရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပြီး လိုက်နာခြင်းမရှိပါက ငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောပြခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

## ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

# မန်ယူအတွက် ရွန်နေဂိုးသွင်းနိုင်ပါ့မလား

မိုး မြင့် လင်း လက်

***ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဩဂုတ် ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ဆက်လက်ဆင်နွှဲပါလိမ့်မယ်။ ဒီတစ်ပတ်ပွဲစဉ်မှာ ထိပ်တန်းကလပ်တွေရဲ့ ဂိုးသွင်းဘုရင်တွေဖြစ်တဲ့ ရွန်နေနဲ့ ကော်စတာတို့ သူတို့ရဲ့ ဒီနှစ်ပရီမီယာလိဂ်ဂိုးတွေ စတင်သွင်းယူနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၂)ပွဲ ပြီးဆုံးပြီးဖြစ်ပေမယ့် ခြေစွမ်းပိုင်းအားရစရာမရှိသေးတဲ့ မန်ယူကိုလည်း ရင်ပူစွာနဲ့စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။***



**မန်ယူနှင့် နယူးကာဆယ်**

မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားရမယ့်ပွဲဖြစ်တာကြောင့် နယူးကာဆယ်တို့ ပင်ပန်းဦးမယ့်ပွဲပါပဲ။ မန်ယူရဲ့ ခြေစွမ်းက သာမန်ပုံစံသာရှိနေတဲ့အပြင် ပွဲတွေဆက်တိုက်နွှဲနေရတာမို့ အိမ်ရှင်လည်းသိပ်တော့မလွယ်ပါဘူး။ ဒီပွဲမှာ နည်းပြဗန်ဟားလ်ရဲ့ ကစားသမား အခင်းအကျင်းကအရေးကြီးပြီး ပြိုင်ပွဲအဆုံးအဖြတ်ကိုပေးတဲ့အထိ ဖြစ်ပေါ်နိုင်ပါတယ်။ ဒါပေမယ့် နယူးကာဆယ်တို့ဟာ မန်ယူနဲ့ဆုံတိုင်း နိုင်ပွဲပျောက်ဆုံးတာများတာမို့ ရွန်နေဂိုးသွင်းနိုင်ရင်တော့ အနိုင်ရလဒ်ပြတ်သားအောင် ဆောင်ကြဉ်းနိုင်ပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် ဗီလာ**

ဒီနှစ် ပရီမီယာလိဂ် တာထွက်ကတည်းက ခြေစွမ်း ကောင်းရနေတဲ့ ပဲလေ့စ်တို့က ဗီလာကိုဖိအားပေးကစားဖို့ ကြိုးစားပါလိမ့်မယ်။ တစ်လှည့်စီ အနိုင်ယူနေတဲ့ ခရစ္စတယ်ပဲလေ့စ်ရဲ့ တိုက်စစ်မှူးတွေက အိမ်ကွင်းလည်းဖြစ်တာမို့ ဂိုးရအောင်သွင်းယူပါလိမ့်မယ်။ နှစ်ပွဲကစားပြီး လေးဂိုးသွင်းထားနိုင်တဲ့ ပဲလေ့စ်တိုက်စစ်မှူးတွေက ဗီလာခံစစ်ကြောင်းကို ရအောင်ဖြတ်ကျော်ဖို့ ကြိုးစားကြပါလိမ့်မယ်။ ဗီလာရဲ့ အကောင်းဆုံးအင်အားက ခံစစ်ကြောင်းဖြစ်တာမို့ ကျစ်လျစ်သိပ်သည်းမှုအပြည့်ရှိတဲ့ ဗီလာကိုကျော်ဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီပွဲရလဒ်က သရေဆိုရင်ကျေနပ်ရမယ့် အနေအထားပါပဲ။

**လက်စတာနှင့် စပါး**

ခြေစွမ်းတူညီတဲ့ နှစ်သင်းမို့ အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ လက်စတာတို့က ဒီနှစ်ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ကတည်းက ခြေစွာနေပြီး အမှတ်တွေရအောင် စုဆောင်းနိုင်နေပါတယ်။ လက်စတာရဲ့ အားနည်းချက်က ခံစစ်ကြောင်းဖြစ်ပြီး လျင်မြန်တဲ့ စပါးတိုက်စစ်ကို ဟန့်တားနိုင်မလား ကြည့်ရမှာပါ။ စပါးတို့က အေစီမီလန်ကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းမျိုးပြန်ရရင် လက်စတာတို့မလွယ်ပါဘူး။ ဒီနှစ်သင်းရဲ့ ပရီမီယာလိဂ် စုစုပေါင်းတွေ့ဆုံမှု ၁၀၂ ပွဲမှာ စပါးတို့ အသာစီးရထားပေမယ့် အမှတ်ခွဲယူရနိုင်တဲ့ အနေအထားမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။

**ဆန်းဒါးလန်းနှင့် ဆွမ်ဆီး**

နှစ်ပွဲကစားပြီးချိန်မှာ အမှတ်မရသေးတဲ့ ဆန်းဒါးလန်းတို့ အခုပွဲမှာ အိမ်ကွင်းဆိုပေမယ့် အမှတ်ရဖို့မျှော်မှန်းလို့ မရသေးတဲ့ပွဲပါပဲ။ ဆွမ်ဆီးတို့က ကြိုးစားအားထုတ်မှုကောင်းနေပြီး အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင် ကစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှတ်တမ်းကိုကြည့်ရင် ဆွမ်ဆီးတို့ သုံးပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ကာ တစ်ပွဲရှုံးထားပါတယ်။ ဆန်းဒါးလန်းတို့ အိမ်ကွင်းဆိုပေမယ့် ဒီပွဲမှာ ဆွမ်ဆီးကို ပိုပြီးနှစ်သက်ပါတယ်။

**ဝက်စ်ဟမ်းနှင့် ဘုန်းမောက်**

အာဆင်နယ်ကို အနိုင်ကစားထားတဲ့ ဝက်စ်ဟမ်းရဲ့ ခြေစွမ်းက ကောင်းမွန်နေပါတယ်။ တန်းတက်ဘုန်းမောက်တို့ အမှတ်ရဖို့ ခြေကုန်ထုတ်မှာဖြစ်ပေမယ့် ဝက်စ်ဟမ်းရဲ့ အသင်းလိုက်ကစားအားကို ကြာရှည်တောင့်ခံဖို့ မလွယ်ပါဘူး။ ဘုန်းမောက်တို့ ဒီပွဲမှာကံကောင်းမှ အမှတ်ရနိုင်မှာဖြစ်ပေမယ့် အခွင့်အရေးနည်းပါးလွန်းပါတယ်။

**နော့ဝ်ဝှစ်နှင့် စတုတ်**

ဘရတ်ဖို့ဒ်နဲ့ ပဲလေ့စ်အသင်းတွေကို အနိုင်ကစားတဲ့ နော့ဝ်ဝှစ်ရဲ့ ခြေစွမ်းက အထင်ကြီးစရာကောင်းပြီး စွမ်းဆောင်ရည်မှာလည်း မြင့်မားနေတာတွေ့ရပါတယ်။ ပေါ်တိုနဲ့ လီဗာပူးကို ရှုံးပွဲတွေကြုံထားတဲ့ စတုတ်ရဲ့ အားထုတ်မှုက လိုအပ်ချက်တွေရှိနေဆဲပါ။ နောက်ဆုံး ငါးပွဲတွေ့ဆုံမှုမှာတော့ စတုတ်တို့က အသာစီးရနေပြီး ဂိုးမပြတ်ပေမယ့် နိုင်ပွဲတွေရအောင် အားထုတ်နိုင်ခဲ့ပါတယ်။ နော့ဝ်ဝှစ်တို့ကလည်း အိမ်ကွင်းဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိပြီး အိမ်ရှင်တို့ကပ်ပြီး နိုင်သွားမယ်လို့ ယူဆပါတယ်။

**ဝက်စ်ဘရွန်းနှင့် ချယ်လ်ဆီး**

ရာသီအစပွဲစဉ်တွေမှာ ရှုံးပွဲ၊ သရေပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ချယ်လ်ဆီးအတွက် အခုပွဲဟာလည်း အဝေးကွင်းလည်းဖြစ်၊ ဝက်စ်ဘရွန်းလည်းဖြစ်တာမို့ အားထည့်ရဦးမယ့်ပွဲပါပဲ။ အဓိကတိုက်စစ်မှူး ကော်စတာကလည်း ကြံ့ခိုင်မှုမပြည့်ဝတာမို့ ဂိုးမသွင်းနိုင်ဘဲ ဖြစ်နေတာက ချယ်လ်ဆီးအတွက် ထိခိုက်မှုပါပဲ။ ဝက်စ်ဘရွန်းတို့ကလည်း ဝက်ဖို့ဒ်ကို ဂိုးမရှိသရေ၊ မန်စီးတီးကို သုံးဂိုးပြတ်ရှုံးထားလို့ ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ ရှိနေပါတယ်။ ဝက်စ်ဘရွန်းကွင်း၌ နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ချယ်လ်ဆီးတို့ သုံးဂိုးပြတ်ရှုံးထားတာမို့ အခုပွဲမှာ အဲဒီရှုံးကြွေးကို ပြန်ဆပ်နိုင်မလားကြည့်ရမှာပါ။ ဝက်စ်ဘရွန်းတို့ အနိမ့်ဆုံးတစ်မှတ်ရယူနိုင်မယ့် စွမ်းအားရှိနေပါတယ်။

**အဲဗာတန်နှင့် မန်စီးတီး**

ချယ်လ်ဆီးနဲ့ ဝက်စ်ဘရွန်းတို့ကို ဆက်တိုက်နိုင်ပွဲရယူထားတဲ့ မန်စီးတီးတို့က ဒီနှစ်မှာ ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနေတာမို့ ပွဲတိုင်းအလေးထားကစားနေပါတယ်။ မန်စီးတီးတိုက်စစ်မှူးတွေက အကောင်းဆုံးခြေစွမ်းပြနေပြီး ပွဲတိုင်းဂိုးပြတ်သွင်းနေတာမို့ ဒီပွဲမှာလည်း အမှတ်ပြည့်ရအောင် ကြိုးစားရဦးမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဗာတန်တို့က ဒီနှစ်မှာ ခြေစွမ်းပြနိုင်နေတာမို့ မန်စီးတီးတို့ သိပ်တော့လွယ်ကူမှာမဟုတ်ပါဘူး။ ဒီနှစ်သင်း ပြီးခဲ့တဲ့နှစ်က နောက်ဆုံးတွေ့ဆုံပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို အပြိုင်ပုံဖော်ပါလိမ့်မယ်။ ။

## ချယ်လ်ဆီးရဲ့ ကမ်းလှမ်းမှုကို ပယ်ချမယ်ဆိုတဲ့ ဂျွန်စတုန်း

ချယ်လ်ဆီးအသင်းအနေနဲ့ အဲဗာတန်လူငယ်နောက်တန်းကစားသမား ဂျွန်စတုန်းကို ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တာ နှစ်ကြိမ်ရှိသွားခဲ့ပါပြီ။ ဒီကမ်းလှမ်းမှုနှစ်ရပ်လုံးကို အဲဗာတန်က ပယ်ချခဲ့တာပါ။ သို့ပေမယ့် နည်းပြမော်ရင်ဟိုအနေနဲ့ ဂျွန်စတုန်းကို ပေါင်သန်း ၃၀ နဲ့ တတိယအကြိမ် ကမ်းလှမ်းဖို့ပြင်ဆင်နေပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ပေါင်သန်း ၃၀ အထိပေးပြီး ကမ်းလှမ်းဖို့ ပြင်ဆင်နေပေမယ့် လက်မခံပယ်ချသွားမယ်လို့ နည်းပြ မာတီနက်ဇ်က ဆိုပါတယ်။ ဒီပြောင်းရွှေ့ကြေးကတော့ ပရီမီယာလိဂ်သမိုင်းမှာ နောက်တန်းကစားသမားအနေနဲ့ စံချိန်တင်အများဆုံး ဖြစ်တယ်လို့ ဆိုပါတယ်။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဂျွန်စတုန်းကို ချယ်လ်ဆီးက ခေါ်ယူဖို့ ကြိုးစားနေတာတော့ ကြာပါပြီ။ သို့ပေမယ့် အဲဗာတန်မန်နေဂျာ ရော်ဘတ်ကိုမာတီနက်ဇ်ကတော့ ဂျွန်စတုန်းဟာ ရောင်းချဖို့မဟုတ်ဘူးလို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။

➤➤ ကောင်းမြတ်သူ-စုစည်းသည်။

## ပုံမှန်ပွဲထွက်ခွင့် ဆုံးရှုံးသွားနိုင်တဲ့ ဂျွန်တယ်ရီ

ချယ်လ်ဆီးအသင်းမှာ နှစ်ပေါင်းများစွာ အသင်းခေါင်းဆောင်အဖြစ် ကစားခဲ့တဲ့ ဂျွန်တယ်ရီဟာ ပြီးခဲ့တဲ့ မန်စီးတီးနဲ့ ကစားခဲ့တဲ့ပွဲမှာ လူစားလဲခံလိုက်ရပါတယ်။ နည်းပြမော်ရင်ဟိုက အသင်းခေါင်းဆောင် ဂျွန်တယ်ရီကို ပထမပိုင်းမှာပဲ ကွတ်ဇ်ဇူးမားနဲ့ လူစားလဲခဲ့တာပါ။ ဒီလူစားလဲမှုက ဂျွန်တယ်ရီအတွက်တော့ ပရီမီယာလိဂ်သမိုင်းမှာ ပထမဆုံးပဲလို့ ဆိုပါတယ်။ ဂျွန်တယ်ရီက သူ့အနေဖြင့် ချယ်လ်ဆီးရဲ့ အသင်းခေါင်းဆောင်ဖြစ်ကြောင်းကို နည်းပြမော်ရင်ဟိုကို ပိုပြီးသက်သေပြသွားမယ်လို့ ဆိုပါတယ်။ မော်ရင်ဟိုရဲ့ လူစားလဲမှုဟာ စိန်ခေါ်မှုတွေမြင့်တက်လာလိမ့်မယ်လို့ ဂျွန်တယ်ရီက သူ့ရဲ့ သူငယ်ချင်းတွေကို ပြောပြခဲ့တယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မန်စီးတီးက ချယ်လ်ဆီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ပွဲမှာ ဂျွန်တယ်ရီဟာ လူစားလဲခံခဲ့ရတာဖြစ်ပါတယ်။ ချယ်လ်ဆီးက ဂျွန်တယ်ရီကို အလိုရှိမှုနည်းသွားခဲ့ပြီးတဲ့နောက် ထပ်မံစာချုပ်ဖို့ အနေအထားမှာလည်း စိတ်ဝင်စားမှုမရှိတော့ဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ယခုနှစ်ရာသီမှာ အသင်းခေါင်းဆောင်အဖြစ် ကစားပြီး ဖလားကိုကာကွယ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဂျွန်တယ်ရီက ဆိုပါတယ်။

## ချယ်လ်ဆီးကို ထောင်ချောက်ဆင်ထားတာလို့ပြောတဲ့ ကွန်ပနီ

ချယ်လ်ဆီးကို ဂိုးပြတ်အနိုင်ရခဲ့တာဟာ ကျွန်တော်တို့အားလုံးက ထောင်ချောက်ဆင်ထားခဲ့တာပါလို့ မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီကပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ အပတ်က မန်စီးတီးက ချယ်လ်ဆီးကို အိမ်ကွင်း



မှာ သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်ပြီးတဲ့နောက် ကွန်ပနီက ပြောဆိုလိုက်တာပါ။ သို့ပေမယ့် ဒီပွဲမှာ အနိုင်ရအောင် ဘယ်လိုပြင်ဆင်ခဲ့တယ်ဆိုတာတော့ ကွန်ပနီက ထုတ်ဖော်ပြောဆိုခြင်းမရှိပါဘူး။ မန်စီးတီးရဲ့ အသင်းခေါင်းဆောင် ကွန်ပနီက ယခုနှစ်ပရီမီယာလိဂ်နှစ်ပွဲစလုံးမှာ ဂိုးသွင်းယူပေးထားတဲ့အသင်းရဲ့ ထိပ်ဆုံးဂိုးသွင်းသူဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ချယ်လ်ဆီးကို အနိုင်ရဖို့ ပိုပြီးပြင်ဆင်ခဲ့တာတော့မရှိပါဘူး။ ပုံမှန်လေ့ကျင့်မှုတွေပဲ လုပ်ခဲ့ပါတယ်။ အသင်းသားတွေအားလုံးက နိုင်လိုတဲ့ဆန္ဒပြင်းပြတဲ့အတွက်အနိုင်ရလိုက်တာပါလို့ ကွန်ပနီက ဆိုပါတယ်။



# ရေဘေးရန်ပုံငွေအတွက် ဓာတ်ပုံအရောင်းပြပွဲ ကျောက်မဲ၌ဖွင့်

**ကျောက်မဲ ဩဂုတ် ၁၉**

မြန်မာနိုင်ငံအရပ်ရပ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေအဖြစ် ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ပင်လုံလမ်းရှိ ပွင့်ဦးလက်ဖက်ရည်ဆိုင်ရှေ့တွင် အနုပညာလက်များ ဂရုဏာပွားလျက်အမည်ဖြင့် ဓာတ်ပုံအရောင်းပြပွဲတစ်ခုကို ဩဂုတ် ၁၆ ရက်က စတင်ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါဓာတ်ပုံအရောင်းပြပွဲတွင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီး၏ ဓာတ်ပုံများ၊ ကျောက်မဲမြို့၏ အလှအပရှုခင်းဓာတ်ပုံများ၊ ရှမ်းယဉ်ကျေးမှု ရိုးရာအလှူပွဲများ၊ ရှမ်းပြည်နယ်၏ သဘာဝအလှရှုခင်းပုံများနှင့် အခြားအလှဓာတ်ပုံများကို ပြသထားပြီး အဆိုပါဓာတ်ပုံများကို မန္တလေးမြို့နှင့် ကျောက်မဲမြို့မှ ဓာတ်ပုံဝါသနာရှင်များက ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ဓာတ်ပုံများရောင်းချ၍ ရရှိသောငွေများကို ရေဘေးသင့်ပြည်သူများထံသို့ လှူဒါန်းမည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူတစ်ဦးက ပြောသည်။

အဆိုပါ ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ပြသမည်ဖြစ်ကြောင်းနှင့် ပြပွဲဒုတိယရက်ဖြစ်သော ၁၇ ရက်တွင် ဓာတ်ပုံပေါင်း ၅၀ ကျော် ရောင်းချခဲ့ရပြီး ဓာတ်ပုံဝါသနာရှင်များအနေဖြင့် မိမိတို့ရိုက်ကူးထားသော ဓာတ်ပုံများကို ဓာတ်ပုံအရောင်းပြခန်းသို့ လာရောက်ပေးပို့လှူဒါန်းနိုင်ပြီး ဓာတ်ပုံအရောင်းပြပွဲမှ ရောင်းချရရှိသော ငွေအားလုံးကို ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**မင်္ဂလာထွန်း(ကျောက်မဲ)**



**ပြပွဲ၌ရောင်းချသည့် ဓာတ်ပုံတစ်ပုံကို တွေ့ရစဉ်။**

# ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဖွဲ့စည်း

**မြစ်ကြီးနား ဩဂုတ် ၁၉**

မြစ်ကြီးနားမြို့နယ် ခေါင်ဖူးရွာသစ်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၅ ရက်က အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းခိုင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်နှင့်ရရှိမည့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားပြီး ကျေးရွာပြည်သူများ၏ သဘောဆန္ဒနှင့်အညီကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များကို ရွေးချယ်ကြကြောင်း သိရသည်။

**ဝင်းအောင်**




**ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ဌာဆိုင်ရာများနှင့် ဆက်ဆံလုပ်ကိုင်ရသောလုပ်ငန်းများတွင် အလွယ်တကူချိတ်ဆက်ကာ အချိန်ကုန်သက်သာစွာဖြင့် တစ်နေရာတည်း ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများကို တစ်နေရာတည်းတွင် စုပေါင်းဖွင့်လှစ်ထားသည့် (One Stop Shop) ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးကို ဖျာပုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၇ ရက်ကစ၍ ဖွင့်လှစ်သည်ကိုတွေ့ရစဉ်။**

သူဇာနွယ်(ဖျာပုံ)

## သတင်းတိုများ

### မြစ်ရေဝင်ရောက်သော ကျေးရွာရေတွင်းများတွင် ကလိုရင်းဆေး ခတ်ပေး

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ဧရာဝတီမြစ်ရေတက်ခဲ့မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သော ရေတွင်းများတွင် ကျေးလက်ကျန်းမာရေးဌာနက ကလိုရင်းဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။ မြစ်ရေဝင်ရောက်သော ရေတွင်းများမှ သန့်ရှင်းသောရေများ ပြန်လည်ရရှိစေရန်နှင့် ရေမှတစ်ဆင့် ဖြစ်ပွားစေနိုင်သောရောဂါများကို ကာကွယ်နိုင်ရန်အတွက် ရွာသစ်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးစိုးသန်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ဩဂုတ် ၁၇ ရက်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

### ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ တောင်ဒဂုံဆီအုန်းစီမံကိန်းဆုဖလား ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဘုတ်ပြင်းမြို့မ အားကစားကွင်း၌ ဩဂုတ် ၁၆ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ဒဂုံဆီအုန်းစီမံကိန်းမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်မိဘပြည်သူများတက်ရောက်သည်။ ဖွင့်ပွဲတွင် တောင်ဒဂုံဆီအုန်းစီမံကိန်းမှ ဒါရိုက်တာဦးချစ်သန်းက အမှာစကားပြောကြားပြီး တောင်ဒဂုံအသင်းနှင့် ရွှေဘုံသာရပ်ကွက်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့သည်။ ပြိုင်ပွဲတွင် အသင်း ၁၅ သင်းဝင်ရောက်ယှဉ်ပြိုင်ပြီး စက်တင်ဘာ ၃ ရက်အထိ ပတ်လည်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကော့သောင်းမြို့၌ အများပြည်သူလျှပ်စစ်အန္တရာယ်ကင်းဝေးရေးဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့အနှံ့ပို့လွှတ်နေသည့် ဓာတ်အားလိုင်းများရှိ ပေါက်ပြဲဆွေးမြည့်နေသည့် ကေဘယ်လ်ကြိုးများကို အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့်ထိကာ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းဘေးဝဲယာသစ်ပင်များမှ အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းမီးများတပ်ဆင်ခြင်းနှင့် အသစ်လဲလှယ်ခြင်းစသည့် လျှပ်စစ်အန္တရာယ်ကင်းဝေးရေးလုပ်ငန်းများကို မြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဝန်ထမ်းများက ဩဂုတ် ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့ဖြစ်ပြီး မြို့နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစွာနေနိုင်ရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးတို့အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိကပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာများအထိ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသည်။

**ကျော်စိုး(ကော့သောင်း)**

# လျှပ်စစ်နှင့် မီးဘေးကာကွယ်ရေးပညာပေးဟောပြော



**ခရမ်း ဩဂုတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲကို ခရမ်းမြို့အထက(၁)ကျောင်း စိန်ရတုခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီး ခရမ်းမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန်နေဂျာ ဦးထွန်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နိုင်အုန်းနှင့် ဝန်ထမ်းများ၊ ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အထက(၁)ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ခရမ်းမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန်နေဂျာက လျှပ်စစ်အန္တရာယ်ဆိုင်ရာ မှတ်သားဖွယ်ရာများ၊ လျှပ်စစ်အန္တရာယ်မဖြစ်ပွားအောင် သတိပြုရမည့်အချက်များနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူးက မီးဘေးရှောင်မလောင်ခင်တားနှင့် သတိထားသင့်သည့်အချက်များ၊ မီးဘေးကာကွယ်ရေးအတွက် ရှောင်ရန် ဆောင်ရန်များနှင့် အထူးဂရုပြုသင့်သည့်အချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ရပ်ကွက်နှင့်ကျေးရွာ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုများချီးမြှင့်

**စစ်ကိုင်း ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံ အားကစားရုံ၌ ဩဂုတ် ၁၅ ရက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲတွင် အုပ်စု(က)မှ မိုးဇာ(ခ)အသင်းနှင့် အုပ်စု(ဃ)မှ မိုးဇာ(က)အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး မိုးဇာ(ခ)အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမရရှိသော မိုးဇာ(ခ)အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းက ချီးမြှင့်ပေးအပ်ပြီး ဒုတိယဆုရရှိသော မိုးဇာ(က)အသင်းအား ဆုငွေကျပ်ငါးသောင်းနှင့် ဂုဏ်ပြုလွှာ၊ တတိယရရှိသော ဧမြဝတီအသင်းအား ဆုငွေကျပ်သုံးသောင်းနှင့် ဂုဏ်ပြုလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်က စတင်ကျင်းပခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာများမှ အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

**ကမ္ဘာမြေစိမ်းလန်းဖို့ သစ်တောသစ်ပင်စိုက်ပျိုးစို့**

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

## ရန်ကုန်ဘဏ်ခွဲ (၈၁)

## တက္ကသိုလ်ရိပ်သာလမ်းဘဏ်ခွဲ (၂)

အမှတ်(၁၃၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၅၀၁၉၂၄၊ ၅၀၁၄၇၆၊ ၅၀၁၉၃၆၊ ဖက်စ်(၀၁)၅၀၁၂၄၅၊ ၅၀၁၄၉၅

## ရန်ကုန်ဘဏ်ခွဲ (၈၂)

## တောင်ဥက္ကလာပ – သုမင်္ဂလာလမ်းဘဏ်ခွဲ

အမှတ်(၁၅၁/ခ)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၈၅၀၀၈၂၃/ ၂၄/ ၂၅၊ ဖက်စ်(၀၁)၈၅၀၀၈၁၉/ ၂၀/ ၂၁

## ရန်ကုန်ဘဏ်ခွဲ (၈၃)

## ၉ – မိုင်ဘဏ်ခွဲ၊ ပြည်လမ်း

အမှတ်(၁၄၇)၊ Airport View Tower(B)၊ ပြည်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၆၆၄၄၅၄၊ ၆၆၅၄၇၃၊ ဖက်စ်(၀၁)၆၅၂၆၁၈၊ ၆၅၁၇၀၃

တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁) ရန်ကုန်

# ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ အမြဲတမ်းဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) | ၃ နှစ် |
| (ခ) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) | ॥ |
| (ဂ) | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ) | ॥ |
| (ဃ) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) | ॥ |
| (င) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) | ॥ |
| (စ) | ပါရဂူဘွဲ့(ရောဂါဗေဒ) | ॥ |
| (ဆ) | ပါရဂူဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ॥ |

**ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) | ၃ နှစ် |
| (ခ) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ) | ॥ |
| (ဂ) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) | ॥ |
| (ဃ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) | ॥ |
| (င) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုးရောဂါပညာ) | ॥ |
| (စ) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ) | ॥ |
| (ဆ) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးခွဲစိတ်ကုပညာ) | ॥ |
| (ဇ) | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှုလမ်းကြောင်းဆိုင်ရာ ဆေးပညာ) | ॥ |
| (ဈ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ) | ॥ |
| (ည) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | ॥ |
| (ဋ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | ॥ |
| (ဌ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ) | ॥ |
| (ဍ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | ॥ |
| (ဎ) | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | ॥ |
| (ဏ) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ) | ॥ |
| (တ) | ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) | ॥ |
| (ထ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ) | ॥ |
| (ဒ) | ဆေးလက်တွေ့ပါရဂူဘွဲ့(မွေးကင်းစကလေးဆေးပညာ) | ॥ |
| (ဓ) | ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | ॥ |
| (န) | ဆေးလက်တွေ့ပါရဂူဘွဲ့(မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | ॥ |
| (ပ) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွားမှုဆိုင်ရာဆေးပညာ) | ॥ |
| (ဖ) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) | ॥ |
| (ဗ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတ်မှန်ပညာ) | ॥ |
| (ဘ) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ) | ॥ |
| (မ) | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊နှာခေါင်း၊လည်ချောင်းရောဂါပညာ) | ॥ |
| (ယ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ) | ॥ |
| (ရ) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုး၊အကြောအဆစ်ဆေးပညာ) | ॥ |
| (လ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာ) | ॥ |
| (ဝ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ॥ |
| (သ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | ॥ |
| (ဟ) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) | ॥ |

**လိုအပ်သောအရည်အချင်း**

၂။ (က) သက်ဆိုင်ရာဘာသာရပ်တွင် မဟာသိပ္ပံဘွဲ့(သို့မဟုတ်)အလားတူ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီး နောက် အနည်းဆုံးလုပ်သက်(၂)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

**မှတ်ချက်။** ပါရဂူဘွဲ့ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ)ဘွဲ့လွန်သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။

(ဂ) **လျှောက်လွှာပိတ်သည့်ရက်**တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း ဖေယျ (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အကြိုဝန်ထမ်းလောင်း သင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း ဆရာဝန်သင်တန်း တက်ပြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)** ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၂၂-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)** ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်ငွေ စာရင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု ဖုန်း-၀၁-၂၅၁၀၃၂၊၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website- http://www.umlygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁) ရန်ကုန်

# ဆေးပညာဒီပလိုမာနှင့် ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာဒီပလိုမာ | ၁ နှစ် |
| (ခ) | ကာလသားရောဂါပညာဒီပလိုမာ | ॥ |
| (ဂ) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ | ॥ |
| (ဃ) | သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာ | ॥ |

**ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) | ၂ နှစ် |
| (ခ) | ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ) | ॥ |
| (ဂ) | ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ) | ॥ |
| (ဃ) | ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ) | ॥ |
| (င) | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) | ॥ |
| (စ) | ဆေးပညာမဟာသိပ္ပံ(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ॥ |
| (ဆ) | ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) | ॥ |
| (ဇ) | ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ) | ॥ |
| (ဈ) | ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဆေးပညာ) | ॥ |
| (ည) | ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ) | ॥ |
| (ဋ) | ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ) | ॥ |
| (ဌ) | ဆေးပညာမဟာသိပ္ပံ (နား၊နှာခေါင်း၊လည်ချောင်းရောဂါပညာ) | ၃ နှစ် |
| (ဍ) | ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) | ॥ |
| (ဎ) | ဆေးပညာမဟာသိပ္ပံ(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | ॥ |
| (ဏ) | ဆေးပညာမဟာသိပ္ပံ(အရေးပြားရောဂါပညာ) | ॥ |
| (တ) | ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ) | ॥ |
| (ထ) | ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ) | ॥ |
| (ဒ) | ဆေးပညာမဟာသိပ္ပံ(ဓာတ်မှန်ပညာ) | ॥ |
| (ဓ) | ဆေးပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ) | ॥ |
| (န) | ဆေးပညာမဟာသိပ္ပံ(အရေးပေါ်ကုသမှုဆေးပညာ) | ॥ |
| (ပ) | ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) | ॥ |
| (ဖ) | ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) | ॥ |
| (ဗ) | ဆေးပညာမဟာသိပ္ပံ(သားဖွားနှင့်မီးယပ်ပညာ) | ॥ |
| (ဘ) | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) | ॥ |
| (မ) | ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ) | ॥ |
| (ယ) | ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) | ॥ |
| (ရ) | ဆေးပညာမဟာသိပ္ပံ(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | ॥ |
| (လ) | ဆေးပညာမဟာသိပ္ပံ(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | ॥ |
| (ဝ) | ဆေးပညာမဟာသိပ္ပံ(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | ॥ |
| (သ) | ဆေးပညာမဟာသိပ္ပံ(နှလုံးခွဲစိတ်ကုပညာ) | ၄ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

**မှတ်ချက်။** (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာနှင့်ဥပဒေရေးရာ ဆေးပညာဘာသာရပ်) ဘွဲ့လွန်သင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။

(ဂ) **ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်တန်း** အတွက် ဆေးပညာ မဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဃ) **သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာသင်တန်း**အတွက် အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်သည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

(စ) **လျှောက်လွှာပိတ်သည့်ရက်**တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း ဖေယျ (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်း သင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း ဆရာဝန်သင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)**ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် ငွေစာင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းကောင်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ (ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။(သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website- http://www.umlygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁) ရန်ကုန်

# ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ Dip.Med.Sc (Family Medicine) | ၁ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) အမ်ဘီဘီအက်စ်ဘွဲ့ရရှိသူဖြစ်ရမည်။

(ခ) လက်ရှိ တရားဝင် ဆရာဝန်မှတ်ပုံတင်(ဆမ) သက်တမ်း(၂)နှစ်ပြည့်ပြီး (ဆမ) သက်တမ်းတိုး ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော သင်တန်းကြေးများ ပေးသွင်းရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)** ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၂၃-၁၀-၂၀၁၅ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website- http://www.umlygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး(ဒဂုံမြို့နယ်)

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ကလေးဆေးရုံကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအား တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) အရေးပေါ်နှင့် ပြင်ပလူနာဌာနဝင်ပေါက်မှ ၁၆ ခန်းတွဲ အရာထမ်းအိမ်ရာအထိ လမ်းပြုပြင်ခြင်းလုပ်ငန်း၊

(ခ) တိုးချဲ့ဆောင်(၂) ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊

(ဂ) လူနာစောင့်နားနေဆောင်မှ Mortuary ထိ စင်္ကြံလမ်းပြုပြင်ခြင်းလုပ်ငန်း၊

(ဃ) စာသင်ဆောင်ရှေ့ Car Parking ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊

(င) ၆ ခန်းတွဲ အရာထမ်းအိမ်ရာရှေ့ ကားဂိုဒေါင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊

(စ) တိုးချဲ့ဆောင်(၁) ပြုပြင်မွမ်းမံခြင်းလုပ်ငန်း။

(ဆ) အမှိုက်ကန်ပြုပြင်ခြင်းလုပ်ငန်း၊

(ဇ) အထူးကြပ်မတ်ကုသဆောင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၅ ရက်

**တင်ဒါပိတ်ရက်/အချိန်** - ၉-၉-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး**
**အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်**

---

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ(ကျပ်ငွေ)ဖြင့် အောက်ပါစက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းနှင့် စက်ပြင်ဆင်ခြင်းလုပ်ငန်းများကို အပ်နှံဆောင်ရွက်လိုပါသည်-

(က) **ဝယ်ယူမည့်ပစ္စည်းများ**

| | | |
|---|---|---|
| (၁) | MOV Multistage Volute Pump & Motor | (1)Set |
| (၂) | Single Girder Over Head Crane (10 Ton) | (2)Set |
| (၃) | Digital Immersion Pyrometer SWG | (2)set |

(ခ) **စက်ပြင်ဆင်ခြင်းလုပ်ငန်းများ**

| | | |
|---|---|---|
| (၁) | Turret Lathe Machine(7)no | ပြင်ဆင်ခြင်း |
| (၂) | Turret Lathe Machine(2)no | ပြင်ဆင်ခြင်း |

၂။ အဆိုပါလုပ်ငန်းတစ်မျိုးစီ ဆောင်ရွက်လိုသူများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၃။ (က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၄-၈-၂၀၁၅ရက်မှ ၁၄-၉-၂၀၁၅ရက်အထိ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၉-၂၀၁၅ ရက် ၁၂း၀၀ နာရီ

(ဂ) **တင်ဒါဖွင့်ထုတ်ယူ/တင်သွင်းရမည့်နေရာ** - စီမံရေးဌာန၊ အမှတ်(၁၆)အကြီးစားစက်ရုံ၊ ဆင်တဲ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၄-၉-၂၀၁၅ ရက် ၁၅း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စီမံရေးဌာန၊ အမှတ်(၁၆)၊ အကြီးစားစက်ရုံ(ဆင်တဲ)၊ ပန်းတောင်းမြို့နယ်၌ထုတ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ ဖုန်း-၀၅၃-၄၀၀၂၆၊ ၀၅၃-၄၀၀၂၈၊ ၀၉-၈၇၈၆၅၀၉၂၁၊ ၀၉-၃၁၄၄၆၉၆၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**အမှတ်(၁၆)၊ အကြီးစားစက်ရုံ(ဆင်တဲ)၊ ပန်းတောင်းမြို့နယ်၊**
**ပဲခူးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး**

## ဦးဝင်းနိုင်

**Win & San (Diamonds and Fine Jewellery)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ် ၃၆/စီနေ သုဓမ္မသီဂီ ဒေါ်စမ်းစမ်း (Win & San Diamonds and Fine Jewellery)၏ချစ်လှစွာသောခင်ပွန်း ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bangkok Hospital၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်**

**Max Myanmar Holding Co.,Ltd.**

## အထူးကျေးဇူးတင်ရှိခြင်း

## ဗိုလ်မှူးထိန်လင်းကျော် (မင်းပြားမြို့)

**ကြည်း-၃၈၇၆၉**

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၆)**

**အသက်(၃၂)နှစ်**

၁၄-၈-၂၀၁၅ရက်(သောကြာနေ့)ည ၈နာရီတွင် ကွယ်လွန်သွားခဲ့သည့် ဗိုလ်မှူးထိန်လင်းကျော် နာမကျန်းဖြစ်စဉ် ပြုစုစောင့်ရှောက်ပေးခဲ့သော အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဆုတောင်းမေတ္တာပို့ နှစ်သိမ့်အားပေးကြသော ဆရာသမား မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ တပ်ရင်းမှ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

## မအေးမြတ်သူ(ခ)မအေးမြသူ

**L.L.B (97) L.L.M**

**တရားလွှတ်တော်ရှေ့နေ၊ စဥ်-၉၀၁၁**

**အသက်(၃၅)နှစ်**

၁၂-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော မအေးမြတ်သူ(ခ)မအေးမြသူ၏ နာရေးကိစ္စအဝဝတွင် ကိုယ်တိုင်လာရောက် အားပေးသတင်းမေးကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ သုဓမ္မဝါဒီကျောင်း ဓမ္မစကူးလ်နှင့် ဝိုင်းဝန်းကူညီ အားပေးကြသည့် ကျန်ရှိဓမ္မစကူးလ်အဖွဲ့ဝင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များအသင်း၊ တရားလွှတ်တော်ရှေ့နေသူငယ်ချင်းများ၊ မြကန်သာအိမ်ရာ(လှိုင်)မှ ရပ်ကွက်သူရပ်ကွက်သားများ၊ W.C.S ရုံးအဖွဲ့သားများ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ပေးပို့လှူဒါန်းသူများနှင့်တကွ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လွမ်းသူ့ပန်းခြင်းပေးပို့ကြသည့် မိတ်ဆွေသင်္ဂဟများ၊ တယ်လီဖုန်း၊ E-Mail, Facebook နှင့် သတင်းစာတို့မှ ဝမ်းနည်းကြောင်း ဖော်ပြနှစ်သိမ့်ပေးကြသူများ၊ နာရေးကိစ္စနှင့်ရက်လည်ဆွမ်းကျွေးကိစ္စအဝဝတို့အား ကိုယ်ရောစိတ်ပါ ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မူမူ (Alice တင်အောင်)

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှု(၁)ဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၃လမ်း၊ အမှတ် ၅၄နေ (ဦးတင်အောင်-ဒေါ်ခင်မြင့်)တို့၏သမီးကြီး၊ ဒေါက်တာရွှဲရွှဲနန်းအောင်-ဒေါက်တာနိုင်နိုင်ထွန်း (Y.S.H)၊ ကိုရဲမင်းဝင်း၊ မသီမွန်ချိန်(F.D. A)၊ မတင်အိမ့်ဝင်း-ကိုသူရဇော်မောင်မောင်၊ ကိုအောင်မွန်ချိန်-မအေးသီတာသိန်း၊ ဒေါက်တာထက်ထက်နန်းအောင်၊ (ဘဏ်ထွန်းလင်း)၊ ကိုဥက္ကာချိန်-မမြင့်မြင့်မိုး၊ ကိုအောင်မင်းထူး၊ ဒေါက်တာလူလူနန်းအောင်(အကယ်ဒမီဆေးရုံ)၊ ဒေါက်တာသီဟ(ခေတ္တ-ဂျပန်)တို့၏ကြီးကြီး၊ မမေတ္တာပုံ[G-6 (A)၊ အထက-၂၊ ကမာရွတ်]၊ မလင်းလက်ဖြူစင်အောင်(Yangon Academy)၊ မောင်ဖောင်းဖောင်းတို့၏အဘွားသည် ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၈-၂၀၁၅ရက်နှင့်၂၀-၈-၂၀၁၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၃၁)နှင့်(၃၀)ပါ ဦးကျင်စိန်(ခ)လီထျန်ရင်း အသက်(၉၄)နှစ် နာရေးကြော်ငြာတွင် သဂြိုဟ်မည့်ရက်အား ၂၀-၈-၂၀၁၅ရက် (ကြာသပတေးနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

## ဒေါ်နုနုကြည်(ညောင်လေးပင်မြို့)

**အသက်(၇၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ဘုရားကြီးလမ်းနေ(ဦးသောင်းရန်-ဒေါ်မမလေး)တို့၏သမီး၊ (ဒေါ်ရင်မြ)၏ညီမ၊ဒေါ်ခင်ခင်၊(ဦးသန်းဖေလေး)-ဒေါ်နုနုရီတို့၏အစ်မသည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ချိုချိုအေး အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ (၁၁)ရပ်ကွက်၊ တိုက် ၃၊ အခန်း ၁၀နေ (ဦးကျန့်ရွှေ)-ဒေါ်အေးမြင့်တို့၏သမီး၊ ဦးတင်ဦး (စာရင်းကိုင်-၁၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငြိမ်း)၏တူမ၊ ဦးစိန်ဝင်း- ဒေါ်တင်တင်အေး(ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊ လမ်းမတော်)၊ ဦးစိန်သောင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်မြမြအေး(PSGG)တို့၏ညီမ၊ဒုတိယရဲမှူးစန်းစန်းမြင့်(ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ နေပြည်တော်)၊ ဦးမျိုးဝင်းထွန်း-ဒေါ်သီရိထွန်းတို့၏အစ်မ၊ မောင်ဇော်ကိုကိုအောင်(Like All Phone Corner)၊ မောင်ဖြိုးကိုကိုဝင်း၊ မောင်ဝေယံကိုကိုထက်၊ မောင်ရန်မျိုးအောင်၊ မမျိုးသူဇာအောင်တို့၏အဒေါ်သည် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅နာရီတွင် GREEN CROSS ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၅ရက်(အင်္ဂါနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဦးမောင်မောင်စန်း

**အငယ်တန်းအင်ဂျင်နီယာ(၂)(ငြိမ်း)**

**အိုးအိမ်ဦးစီးဌာန(ရုံးချုပ်)**

**သန်လျင်/လားရှိုးမြို့**

**အသက်(၅၄)နှစ်**

လားရှိုးမြို့နေ (ဦးဝမ်ကျင်လျှံ)-ဒေါ်လင်ခုံးတို့၏သား၊ သန်လျင်မြို့၊ မြို့သစ်အလယ်ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၉/ခ)နေ ဦးတင်ရှိန် (တိုင်းပညာရေးမှူး၊ ငြိမ်း)-ဒေါ်တင်တင်ရှိန်တို့၏သားသမက်၊ ဒေါ်ဥမ္မာရှိန် (ဦးစီးအရာရှိ၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊သန်လျင်)၏ချစ်လှစွာသောခင်ပွန်း၊ မချောကလျာမောင်(ဒုတိယနှစ်၊အင်္ဂလိပ်စာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ ဖခင်သည် ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ပီ(ခ)ဒေါ်မီ အသက်(၁၀၂)နှစ်

**မိချောင်းအိုင်၊ ကံပေါက်(ထားဝယ်)**

သာကေတမြို့နယ်၊(၄/မြောက်)ရပ်ကွက်၊အမှတ် ၈၀/က၊ အောင်ရတနာလမ်းနေ (ဦးကင်း-ဒေါ်ချို)တို့၏သမီး၊ (ဦးဘိ)၏ဇနီး၊ ဦးထွန်းတင်-ဒေါ်ပုတင်၊ (ဦးရင်တိုး-ဒေါ်နှင်းတင်)၊ ဦးအောင်မြင့်-ဒေါ်အေးတင့်၊ ဦးရေချမ်း-ဒေါ်စောမြင့်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၂၈ယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၅ရက်(အင်္ဂါနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြီး (မအူပင်)

**အသက်(၉၆)နှစ်**

မအူပင်မြို့နေ (ဦးစံဒွန်း-ဒေါ်ဒေါ်နွဲ့)တို့၏သမီး၊ (ဦးသန်းအေးကျော်)၊ (ဒေါ်နီနီမာ)၊ ဦးလှသိန်း၊ ဒေါ်ခင်လှတင့်၊ ဦးသန်းဦး၊ ဒု-ဗိုလ်မှူးကြီးသန်းထူး (ငြိမ်း)၊ ဒေါ်အေးအေးသန်း၊ ဒေါ်နွယ်နီသန်း၊ ဒေါ်ဥမ္မာကြည်၊ ဦးကျော်စွာကြည်၊ (ဦးအောင်မြင်ကြည်)၊ ဒေါ်စန္ဒာရီ၊ ဒေါ်ကြည်ချယ်ရီ၊ ဒေါ်ဇင်ကြည်ရီ၊ (ဦးစောဇာအောင်ကြည်)၊ ဒေါ်စောစန္ဒာနွယ်၊ ဦးဗညားအောင်ကြည်၊ ဦးသီဟအောင်ကြည်၊ ဒေါ်သန်းသန်းစိုး၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးတိုးအောင်မြင့်(အမြဲတမ်းအတွင်းဝန်၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ဒေါ်နုနုအေး၊ ဦးအောင်အောင်မြင့်၊ ဒေါ်ချယ်ရီမြင့်၊ ဦးကျော်သာယာမြင့်၊ ဦးရဲမင်းမင်းမြင့်၊ ဒေါ်နီနီမြင့်၊ ဒေါ်မိုးသီတာမြင့်၊ ဒေါ်သန္တာရဲမြင့်၊ ဦးလင်းမင်းမင်းမြင့်၊ ဒေါ်နီလာအေး၊ ဦးစိုးဝင်းမောင်၊ ဦးမိုးဝင်းမောင်တို့၏ကြီးတော်၊ မြေး ၃၅ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၆၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြီး (မအူပင်)

**အသက်(၉၆)နှစ်**

မအူပင်မြို့နေ (ဦးစံဒွန်း-ဒေါ်ဒေါ်နွဲ့)တို့၏သမီး၊ (ဦးလှကျော်- ဒေါ်သန်းသန်း)၊ (ဦးညီကြီး-ဒေါ်လှဖျော်)၊ (ဦးဘခက်-ဒေါ်အုံးမြ)တို့၏ညီမ၊ (ဦးဝင်းမောင်-ဒေါ်ခင်လေး)၊ (ဦးမောင်မောင်သန်း-ဒေါ်ခင်မြင့်မြင့်)၊ (ဒေါ်ငြိမ်းအေး)၊ (ဦးယုဝမ်)-ဒေါ်ခင်သန်းယု၊ (ဒေါ်ခင်သိန်း)၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်လှရီ၊ ဦးရဲမြင့်-(ဒေါ်ခင်လှမြင့်)တို့၏အစ်မ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၆၂နေ ဦးသန်းဦး၊ ဦးသန်းထူး-ဒေါ်လဲ့လဲ့အောင်၊ ဦးထွေးမြင့်-ဒေါ်အေးအေးသန်း၊ (ဦးဇော်လင်း)-ဒေါ်နွယ်နီသန်း၊ တူ၊ တူမ ၃၄ယောက်တို့၏ကြီးတော်၊ မြေး ၃၅ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင်အထက်ပါ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးမြတ်ကို(Bobby) အသက်(၈၀)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊သွင်းကုန်ထုတ်ကုန်ဌာန၊ကုန်သွယ်ရေးဦးစီး**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၁၄/၂-B နေ (ဦးဘဏ-ဒေါ်မြရင်)တို့၏သား၊ (ဦးနေဝင်း)-ဒေါ်ယဉ်နု၊ (ဦးဘစိုး-ဒေါ်ချစ်ချစ်လေး)တို့၏ညီ/မောင်၊ ဦးချစ်စိုး-ဒေါ်မေမိုးဦး၊ ဦးနီစိုး-ဒေါ်သင်းသင်းအေးတို့၏ဦးလေး၊ ဒေါ်ရွှေရွှေလေး(စား/ဖျော်၊ ငြိမ်း)၏ခင်ပွန်း၊ မသီရိမြတ်ကို(MBA 11th batch)၏ဖခင်သည် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၈-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ဝတ်ပြုဆုတောင်းပြီးရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မူမူ (Alice တင်အောင်)

**B.Com, B.L, R.A**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ (ဘဏ္ဍာရေး)ထွေထိန်း**

**စက်မှု(၁)ဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၃လမ်း၊ အမှတ် ၅၄နေ (ဦးတင်အောင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဒေါ်တင်မေလတ်-ဦးလှဝင်း)၊ ဦးအောင်ချိန်၊ ဒေါ်တင်ဇာအောင်-ဦးနန်းအောင်၊ ဦးဘဏ်ထူး-ဒေါ်စန်းစန်းအုန်း၊ ဒေါက်တာချယ်ရီတင်အောင်(မေ့ဆေးဆရာဝန်ကြီး)၊ ဒေါက်တာတင်စပယ်အောင်(ခေတ္တ-မလေးရှား)၊ ဒေါက်တာတင်စန္ဒာအောင်၊ (ဒေါ်တင်မာလာအောင်)-ဒေါက်တာဌေးလွင်တို့၏အစ်မသည် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၅ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၅ရက်(အင်္ဂါနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုင်းမောက်

**အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့**

**အသက်(၆၈)နှစ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် အတွင်းရေးမှူး ဦးစိုင်းမောက် အသက်(၆၈)နှစ်သည် ၁၅-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ပါတီဝင်များ**
**ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုင်းမောက်

**အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့**

**အသက်(၆၈)နှစ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အတွင်းရေးမှူး ဦးစိုင်းမောက် အသက်(၆၈)နှစ်သည် ၁၅-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ကျိုင်းတုံမြို့၊ (၁)ရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အတွင်းရေးမှူးနှင့် ပါတီကော်မတီဝင်များ**
**ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကေသရ(ခ)ဦးကျော်သူ (အောင်ဆန်း-၇)

**သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၂၅)ဝါ**

အောင်ဆန်း(၇)၊တရားရေးအရာရှိသင်တန်းဆင်း၊ သူငယ်ချင်း ဦးကေသရ(ခ)ဦးကျော်သူသည် ၁၁-၇-၂၀၁၅ရက်တွင် ရန်ကုန်မြို့၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)၊ တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဦးမြင့်သိန်း

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**BA (Geography) 1977**

**အထက(၃)တာမွေကျောင်းသားဟောင်း**

**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၃)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် ၃၇(ခုနစ်လွှာ-A)နေ (ဦးသိန်းလွင်-ဒေါ်ညွန့်ရင်)တို့၏သားကြီး၊ ဒေါ်စီစီညွန့်၏ခင်ပွန်း၊ (ဒေါ်ခင်မာချို)၊ စုံစမ်းရေးမှူး ဦးညွန့်ဝေ-ဒေါ်စန္ဒာလွင်၊ ဉူးပဋ္ဌင်း ဦးပညာ(ဦးမောင်မောင်လွင်)တို့၏အစ်ကို၊ဒေါက်တာထူးအောင်မြတ်၊ဒေါက်တာစုကြည်သာနိုင်၊ ကိုပြည်ကျော်တို့၏ဖခင်သည် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရွှေ (ပခုက္ကူ)

**အသက်(၉၃)နှစ်**

ပခုက္ကူမြို့၊ မုန်ညင်းစုရပ်၊ ဗိုလ်ချုပ်လမ်းနေ [ဦးသောင်း-ဒေါ်လှလှ(ဒေါ်လှလှနှင့်သားများ သနပ်ဖက်ပွဲရုံ)]တို့၏ အစ်မကြီး၊ ဦးစိန်ပန်း၊ ဦးကျော်ကျော်-ဒေါ်စန်းစန်းတင်၊ ဦးမော်မော်၊ ဒေါ်လှလှမူ၊ ဒေါ်မြမြမူ၊ (ဦးသိန်းကို)-ဒေါ်ခင်မာဆွေတို့၏ဒေါ်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၁၃-၈-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ပခုက္ကူသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ကြည်(ချောက်မြို့)

**မြန်မာ့ရေနံဆေးရုံဝန်ထမ်း(ငြိမ်း)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊အင်ကြင်းလမ်း၊အမှတ် ၃နေ ဦးအောင်တင့်(မြန်မာ့ရေနံဆေးရုံဝန်ထမ်း၊ ငြိမ်း၊ ချောက်မြို့)၏ ဇနီး၊ ဦးတင့်လွင်(ခ)ကိုနောင် (အင်ဂျင်ဝိုင်ဖြန့်ချိရေးနှင့် ယာဉ်ရောင်း/ဝယ်ရေး)-မမူမူ(ဝေဝေအောင် မုန့်မျိုးစုံဖြန့်ချိရေး၊ သိမ်ကြီးဈေး)တို့၏မိခင်၊မမေသော်တာ (Excellent Myanmar)၏ အဘွားသည် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၈-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသာစု

## ဒေါ်စန်းစန်းမြင့်

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးမောင်စော - ဒေါ်အုန်းတင်)တို့၏ သမီး၊ ဦးမောင်မောင်ကြီး-ဒေါ်အေးမီ၊ (ဦးသန်းဌေး)-ဒေါ်ခင်မြင့်ကြည်တို့၏ ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၅)ရပ်ကွက်၊ ကြေးတိုင်လမ်း၊အမှတ် ၁၃၉နေ (ဦးစိန်မောင်)၏ ဇနီး၊ ဦးဇော်မြင့်ဦး-ဒေါ်ခင်နုနုအောင်၊ ဦးသိန်းထူး - ဒေါ်မော်မော်သင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်စိန်လှ (ငြိမ်း)

**လေ/၃၁၂၈**

**(ပဲခူးအသင်း)**

**အသက်(၈၅)နှစ်**

ပဲခူးမြို့နေ (ဦးသာမြိုင်-ဒေါ်အေးကြည်)တို့၏သား၊ (ဦးဘရုံး-ဒေါ်ဖွားချို)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းမြင့်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက-၁၊ ပဲခူး)၊ ဦးဇော်မြင့်- ဒေါ်တင်မူလွင်တို့၏အစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံနေ ဒေါ်ခင်မာလွင်၏ခင်ပွန်း၊ ဦးနေမျိုးမောင်မောင်-ဒေါ်တင်တင်အေး၊ (ဦးနေမျိုးအောင်အောင်)၊ ဦးနေမျိုးကျော်ကျော်(ခေတ္တ-ကိုရီးယား)-ဒေါ်ဝေဝေထွန်း၊ ဒေါ်မိုးစန္ဒာလွင်၊ တကကဇော်ထက်(လေ)-ဒေါ်သီဂီစိုးဝင်းတို့၏ဖခင်၊မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၈-၈-၂၀၁၅ရက် နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (၁၄/၅/၂၆၀၊ ဝဏ္ဏကျော်စွာ ၄လမ်း၊ ရွှေပေါက်ကံနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း၊ ရေကန်၊ တံတား ဒါယကာကြီး**

## ဦးမောင်အေး

**အသက်(၈၀)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အတွင်းပဒန်ကျေးရွာနေ (ဦးမောင်စိန်-ဒေါ်ခင်နု)တို့၏သား၊ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစင်၊ ရွာမရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၃၉A(မြေညီထပ်)နေ ဒေါ်မြချစ်၏ခင်ပွန်း၊ ဦးအောင်မော်-ဒေါ်အေးအေးမြင့်၊ (ကိုသိန်းဦး)၊ ဦးသန့်ဇင်-ဒေါ် အေးအေးသင်း၊ မနွယ်နွယ်အေး၊ ကိုကျော်ကျော်-မအိအိစိုး၊ ကိုရဲနောင်ထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၉-၈-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်တင်တင်လတ်

**(ပုလောမြို့)**

**အသင်းဝင်အမှတ်-၁၀၉**

**အသက်(၆၈)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ဗထူးလမ်းနေ ဦးမျိုးအောင်၏ဇနီးသည် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃း၅၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

# မြန်မာ-ဗြိတိန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ ခိုင်မာစွာရပ်တည်ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး

သတင်း စာ-၅

## ဟားခါးရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ယာယီသွပ်မိုးနှင့် ရွက်ဖျင်တဲများ ဆောက်လုပ်



**ဟားခါး ဩဂုတ် ၁၉**

ချင်းပြည်နယ် ဟားခါးမြို့တွင် မြေပြိုမှုကြောင့် နေအိမ်အလုံး ၈၀၀ ကျော် ပျက်စီးခဲ့ရသဖြင့် ပြည်နယ်အစိုးရအဖွဲ့က ဟားခါးမြို့တွင် ကယ်ဆယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ကာ သဘာဝဘေးသင့် ပြည်သူ ၅၀၀၀ ကျော်၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့် ကူညီထောက်ပံ့မှုလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် သဘာဝဘေးသင့်ပြည်သူများ နေထိုင်နိုင်ရေးအတွက် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ရာလ်မှုန်အားကစားကွင်းတွင် ယာယီသွပ်မိုး ရှစ်ခန်းတွဲ ၃၄ လုံးနှင့် ရွက်ဖျင်တဲ အလုံး ၃၀ တို့ကို ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဟားခါး (ခရိုင် ပြန်/ဆက်)**

## ပစိဖိတ်သမုဒ္ဒရာတွင် တိုင်ဖုန်းမုန်တိုင်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၉**

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ဩဂုတ် ၁၁ ရက်က စတင်ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဂိုနီ (Cyclone Goni)နှင့် ဩဂုတ် ၁၂ ရက်က စတင်ဖြစ်ပေါ်ခဲ့သော အက်ဆနီ (Atsani)တို့သည် ဆက်လက်တည်ရှိနေပြီး ပစိဖိတ်သမုဒ္ဒရာ၏ အနောက်၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တိုင်ဖုန်းဂိုနီ၏ ဗဟိုလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ ခန့် ရှိနေပြီး မုန်တိုင်းအမျိုးအစားမှာ အဆင့် ၃ အနေအထား ဖြစ်သည်။ တိုင်ဖုန်းအက်ဆနီ၏ ဗဟိုလေတိုက်နှုန်းမှာ *စာမျက်နှာ ၁၀ ကော်လံ ၄* ■

## တနင်္သာရီ-ထုံခါး-သဲဖြူလမ်း လမ်းမြေသားကျွံကျမှုဖြစ်ပွား၍ ၁၀ ဘီးယာဉ်နှစ်စီး မြေကျွံ

**တနင်္သာရီ ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့မှအထွက်( တနင်္သာရီ-ထုံခါး-သဲဖြူ )မြေသားလမ်း၊ မြိတ်မြို့မှမိုင်တိုင်အမှတ် ၅၁ မိုင် (၆-၇) လမ်းအပိုင်း တနင်္သာရီမြို့မှအထွက်- လယ်တောင်ယာရွာအကြားတွင် ဩဂုတ် ၁၉ ရက် နံနက် ၁၁နာရီခွဲတွင် လမ်းမြေသားကျွံကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့လမ်းမြေသားကျွံကျရာတွင် အများပိုင်ကုမ္ပဏီလမ်းလုပ်ငန်းအဖွဲ့က တာဝန်ယူပြုလုပ်နေသောအဖွဲ့မှ ၁၀ ဘီးကား ယာဉ်မောင်းမင်းထိုက်သည် မြေများသယ်ယူလာ၍ မြေချရန်ကားနောက်ဆုတ်နေစဉ် လမ်းမြေသားမှာ တဖြည်းဖြည်းချင်းကျွံကျသွားရာ ကားနှင့်အတူ ယာဉ်မောင်းပါရှိသွားသော်လည်း ကားမှာလဲကျတိမ်းမှောက်ခြင်းမရှိသဖြင့် ဒဏ်ရာရရှိခြင်း မရှိကြောင်း၊ ထို့အပြင် ၎င်းနေရာအနီး လူမရှိဘဲ ရပ်နားထားသော ၁၀ ဘီးကား(အဖြူ)သည်လည်း မြေကျွံကျရာ၌ ပါသွားခဲ့ကြောင်း သိရသည်။

ယင်းမြေကျွံကျမှုဖြစ်ရခြင်းမှာ လမ်းနံဘေးရှိတောင်ကြောမှ တောင်ကျမြေအောက်ရေထွက်ရှိနေသဖြင့် မြေသားအောက်တွင် ဂလိုင်အဖြစ် ရေတိုက်စားနေမှုကြောင့်ဖြစ်ကြောင်း၊ မြေကျွံကျမှုခန့်မှန်းမှာ အလျားပေ ၃၀၀ အကျယ်ပေ ၇၀ ခန့်၊ အနက်ပေ ၄၀ ခန့်နှင့် မြေကျင်းပေါင်း ၆၀၀၀ ခန့် ရှိမည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ❁






မြန်မာ့အလင်း
mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS